# အောင်ခြင်းဓမ္မစကြာ



(သတ္တမအကြိမ်)

၁၂

၁၆၈၃၁

သာသနာရေးဦးစီး
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ကျေးဇူးရှင်

# သာယာဝတီဆရာတော်-ဦးဉေယျ

၏

မေတ္တာစစ်-မေတ္တာမှန်ဖြင့်

သင်ပြ

ဆုံးမအပ်သော

# အောင်ခြင်း-ဓမ္မကြော

ပါဠိ-နိဿယ

○

ဦးကြည်ညွန့်

သာသနာ—[illegible]

စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဘာသာရေးကင်းလွတ်ခွင့် (၁၀၂၇)
ထုတ်ဝေသူ
ဦးထွန်းကို ( ၀၄၅၀၆ )
၅၁/၅၂ အရှေ့မုဒ်၊ ရွှေတိဂုံဘုရားဈေး၊
ဗဟန်း - ရန်ကုန်။

ပုံနှိပ်သူ

ဦးဌေးလှိုင် ( ၀၂၄၅၃ )
ခရီးပေါ်ပုံနှိပ်တိုက်၊
၁၃၇/၃၂ လမ်း၊ ရန်ကုန်မြို့။

အဖုံး ရို[illegible]
ခရီးပေါ်

စာအုပ်ချုပ်
[illegible]င်ရုံး ရှိန်း အင်[illegible]
၇၂/က ရေတာရှည်လမ်းဟောင်း၊
ဗဟန်း။

အုပ်ရေ - ၄,၀၀၀
ပထမအကြိမ်
ဝန်[illegible] ( ဒိ / ၅၀ )
၁၉၈၀ — မေလ



၁၃၁၅-ခုနှစ်၊

ဝါတော် ၄၉၊ သက်တော် ၆၈-နှစ်ရှိ

သာယာဝတီ ဦးဉေယျ-ဆရာတော်ပုံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

## အနန္တငါးပါးပင့်

ဗုဒ္ဓေါ မေ သီသေ တိဋ္ဌတု နိစ္စံ။
ဓမ္မော မေ သီသေ တိဋ္ဌတု နိစ္စံ။
သံဃော မေ သီသေ တိဋ္ဌတု နိစ္စံ။
မာတာပိတရော မေ သီသေ တိဋ္ဌန္တု နိစ္စံ။
အာစရိယော မေ သီသေ တိဋ္ဌတု နိစ္စံ။

ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသင်သင် သိမြင်တော်မူသော မြတ်စွာဘုရားသည်။ မေ၊ အတန်တန်ဘေး အမြန်အေးဘို့ ကြံတွေးရည်ရော် တပည့်တော်၏။ သီသေ၊ ဥက္ခောင်းရတနာ မြတ်အင်္ဂါထက်၌။ နိစ္စံ၊ အမြဲ။ တိဋ္ဌတု၊ တည်နေတော်မူပါ့ဘုရား။

ဓမ္မော၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်သည်။ မေ၊ အတန်တန်ဘေး အမြန်အေးဘို့ ကြံတွေးရည်ရော် တပည့်တော်၏။ သီသေ၊ ဥက္ခောင်းရတနာ မြတ်အင်္ဂါထက်၌။ နိစ္စံ၊ အမြဲ။ တိဋ္ဌတု၊ တည်နေတော်မူပါ့ဘုရား။

(ဆင့်မအေကြိမ်)

## (၄) သာယာဝတီ အောင်ခြင်းဘုရားရှိခိုး

သံဃော၊ မဂ်၌တည်သော ပုဂ္ဂိုလ်လေးယောက်, ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက်၊ ရှစ်ယောက်သော ပရမတ္ထ သံဃာတော် အရှင်မြတ်တို့နှင့် တကွ သမ္မုတိ သံဃာတော်အရှင်မြတ်သည်။ မေ၊ အတန်တန်ဘေး အမြန်အေးဘို့ ကြံတွေးရည်ရော် တပည့်တော်၏။ သိသေ၊ ဥက္ကောင်းရတနာ မြတ်အင်္ဂါထက်၌။ နိစ္စံ၊ အမြဲ။ တိဋ္ဌတု၊ တည်နေဘော်မူပါ့ဘုရား။

မာတာပိတရော၊ မြင့်မိုရ်တောင်ဦး မကကြူးသည့် ကျေးဇူးတော်ရှင် မိခင်-ဘခင်တို့သည်။ မေ၊ အတန်တန်ဘေး အမြန်အေးဘို့ ကြံတွေးရည်ရော် တပည့်တော်၏။ သိသေ၊ ဥက္ကောင်းရတနာ မြတ်အင်္ဂါထက်၌။ နိစ္စံ၊ အမြဲ။ တိဋ္ဌန္တု၊ တည်နေတော်မူကြပါကုန်ဘုရား။

အာစရိယော၊ မကောင်းမြစ်တား ကောင်းရာညွှန်လတ်ဆရာမြတ်သည်။ မေ၊ အတန်တန်ဘေး အမြန်အေးဘို့ ကြံတွေးရည်ရော် တပည့်တော်၏။သိသေ၊ ဥက္ကောင်းရတနာ မြတ်အင်္ဂါထက်၌။ နိစ္စံ၊ အမြဲ။ တိဋ္ဌတု၊ တည်နေတော်မူပါ့ဘုရား။

---

### ဘုရားရှိခိုး ကန်တော့နည်း

အစိန္တေယျ အစိန္တေယျ အစိန္တေယျ အပ္ပမေယျ အပ္ပမေယျ အပ္ပမေယျ ကျေးဇူးတော်အစုံ ဂုဏ်တော်အလျှံ ဉာဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား မြတ်စွာဘုရား။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား တပည့်တော်သည် ရည်မှတ်သား၍ စကြာတော်နှစ်စုံ ပဒုမ္မာ ရွှေဘဝါးတော်အောက်သို့ ရောက်ပါပြီအရှင်ဘုရား။ (ဩကာသ-၃) ကာယကံ, ဝစီကံ ,မနောကံတည်းဟူသော သုံးပါးသောကံတို့ဖြင့် (သင္ဂမအကြိမ်)

ဘုရားရတနာ, တရားရတနာ, သံဃာရတနာ, မိဘ ဘိုးဘွား ဆရာသမားတို့အား တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော် မာန်လျှော့ ကန်တော့ပါ၏ အရှင် ဘုရား။ ဤသို့ ရှိ ခိုး ပူ ဇော် ဖူး မျှော် မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့်၊ အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပ္ပတ္တိတရားလေးပါး, ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ ဈာန်တရား, မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

အဟံ ဘန္တေ (ငါးပါးသီလ ခံယူ။)

---

## နတ်ပင့်

သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

(ဓမ္မ သဿဝနကာလော အယံဘဒ္ဒန္တာ-၃)

သမန္တာ၊ ဝန်းကျင်ပတ်ချာ ရပ်မျက်နှာမှ။ စက္ကဝါဠေသု၊ ရှိရှိသမျှဖုံဖုံ လုံးစုံများစွာ စကြာဝဠာတို့၌။ ဝသန္တာ၊ ကံအား လျော်စွာ အမျိုးမျိုးသောစည်းစိမ် ချမ်းသာတို့ဖြင့် ပျော်ရွှင်စွာ နေထိုင်ကြကုန်သော။ ဒေဝတာ၊ နတ်မြတ်အပေါင်း နတ်ကောင်း ဟူသမျှတို့သည်။ မုနိရာဇဿ၊ အာဂါ,နာဂါ, သေက္ခာ,သေက္ခ, ပစ္စေကတွင် ငါးပါးသော မုနိတို့၏ အရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သဂ္ဂမောက္ခဒံ၊ နတ်ရွာနိဗ္ဗာန် ကျိုးနှစ်တန်ကို ကောန်ဆတ် ဆတ် ပေးတော်မူတတ်သော။ သဒ္ဓမ္မံ၊ သူတော်ကောင်း

(ဆင့်မအကြိမ်)

တို့ နှစ်သောင်းဝမ်းသာ ချီးမွမ်းရာ ဖြစ်သော တရားတော်ကို။ သောတုံ၊ သဒ္ဓါတရား ခါခါပွားလျက် နာကြား အံ့သောငှါ။ အတြ၊ ပရိဘ်မေဘ္ဘာ ဘာ၁၁နာ ကမ္မဋ္ဌာန်း အခဏ်းခဏ်းကို စီးဖြန်းရှာဘတ်၍အရပ်သို့။ အာ၁၁ဂစ္ဆန္တု ၊ နှစ်ထောင်းကြည်သာ ဝမ်းမြောက်စွာဖြင့် သဒ္ဒါရှေးရှု အလေးမူ ဘာ လာလတ်ကြပါ ကုန်လော။ သုဘာန္တု၊ ပီတိသွမ်းခြုံ အစွမ်းကုန်ဖြင့် ယုံကြည်များစွာ နာကြားကြပါ ကုန်လော။ ဘဒ္ဒန္တာ၊ ဗုဒ္ဓမြတ်စွာ သာသနာထဲ ကြုံကြိုက်ခဲ့တွင် ကြုံလဲကြုံရ ဒုလ္လဘာကို ရလာဘိငြား အိုနတ်များ တို့။ အယံကာလော၊ ကိုယ်စိတ်နှစ်ဖြာ သိသိပ်စွာဖြင့် ကြည်သာ ချမ်းမြ ဤအခါ ကာလသည်ကား....။ ဓမ္မဿဝန ကာလော၊ တဆင့်ထက်တဆင့် မြင့်သည်ထက် မြင့်လေအောင် အခွင့်အား လျော်စွာ တရားတော်နာရအံ့သော အခါပေတည်း။

---

# အပြင်အောင်ခြင်း

## အပြင် အောင် ခြင်းအမှန်း

ဇေယျတု သဗ္ဗမင်္ဂလံ။ သဗ္ဗမင်္ဂလံ၊ အကြောင်းမူလ ကောင်း ယူကြဘို့ စးဖြာဖြာ အလုံးစုံသော မင်္ဂလာတော်သည်။ ဇေယျတု၊ ကာယ, ဝစီ မနော၁တည်သျက် သုံးလီစေတနာ ညီညွတ်စွာ သောကြောင့် အောင်ပါစေသတည်း အောင်စေသတည်း။

အောင်ဒန်း ဖြာဖြာ အောင်လမ်း သာဘို့ အောင်ပါစေ ကြောင်း အောင်ဆုကောင်းကို အပေါင်းများစွာ သူသူငါတို့ မကွာနေ့စဉ် ရယူချင်၍ ကြည်ရှင်မနော အာရုံစောလျက် သောသောဆူကြွယ် လူ့ဒါန်းဘွယ်နှင့် တသွယ်သီလ သမထပါ ပွားရာဝိပဿ် အကျင့်မြတ်ကို မပြတ်ခါခါ အားခိုက် မှာလျှင် (ဆဋ္ဌမအကြိမ်)

များစွာလုလ္လ ပြုပါကြ၏။ ဘုရားအာဏာ မြတ်ညြဇာကို ကြည်သာလေးမြတ် အာရုံကပ်၍ ကျင့်အပ်လိုက်နာ လူများစွာအား မင်္ဂလာအကျိုး ကောင်းနိုးရာရာ အဖြာဖြာကို ရပါစေကြောင်း အောင်ဆုတောင်းလျက် အောင်ကြောင်းဝေဖြာ ဒေသနာကို သေချာမယ်တို့ ရွတ်ပါစို့။ သေချာမောင်တို့ ရွတ်ပါစို့။

## အပြင်အောင်ခြင်း ပါဠိ—အနက်

ဗာဟုံသဟဿမဘိနိမ္မိတသာဝုဓန္တံ၊
ဂိရိမေခလံ ဥဒိတဃောရံ သသေနမာရံ။
ဒါနာဒိ ဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။ ။

ဇယော မုနိန္ဒော၊ဘေးအဝဝ ရန်အသွယ်သွယ်အန္တရာယ်ဟူသမျှ အပေါင်းတို့ကို ကောင်းကောင်းကြီး ချိုးနှိမ်၍ အစိုးရိမ် ကင်းပျောက် အောင်ခြင်းသို့ ရောက်တော်မူသော အကြင် မြတ်စွာဘုရားသည်။ ဂိရိမေခလံ၊ ဂိရိမေခလာ သညာမည်တွင် နတ်စစ်ဆင်ကို။ ဥဒိတံ၊ တက်စီးထသော။ အဘိနိမ္မိတသာဝုဓန္တံ၊ လောကတွင် ပြိုင်ဘက်ကင်းအောင် ဘန်ဆင်းချက်အဖုံဖုံ လက်နက်မျိုး အစုံစုံတို့နှင့်တကွဖြစ်သော။ ဗာဟုံသဟဿံ၊ ထူးထွေဆန်းကြယ် အံ့ဘွယ်များမြောင် တထောင်သော လက်ရုံးရှိထသော။ဃောရံ၊ တဘက်သားကို သနားညှာတာ ကြင်နာကင်းလှ ကြမ်းတန်းခက်ထန်စွာထသော။သသေနမာရံ၊ နတ်စစ်သည်ပေါင်း ၉ထောင်သောင်းမက များပြားလှစွာ နောက်လိုက်တွေ့ဗိုလ်ပါနှင့် ရာဘနာပလ္လင်ကို လုမယ်လို့ အားပြုလာသော မာရ်နတ်မင်းကို။ဒါနာဒိဓမ္မဝိဓိနာ၊ ဒါနပါရမီ အစချီလျက် အသီသီဖြစ်ရာ ဘာတို့ဘွင်

(ဆင့်မအကြိမ်)

နှစ်နှာသမျှ တမင်ခံခဲ့တာဟာ ပလ္လင်ပုံ့ကို ရရာအချက်ပေဟု မမှ ဝစနာကို ဟာ ခါမြှက်လိုက်ခြင်း တည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ ရေမြေလုံးသွက်သွက်ခါ သက်သေတော်ခိုင်မာသဖြင့် ပြိုင်လာသူမာရ်နတ်မောင်စစ်သည်တွေများမြောင်နှင့် ရှားရှောင် ထွက်ပြေးခါ အောင်မြင်တော်မူရရှာလေပြီ။

တံဗုဒ္ဓံ၊ မာရ်စစ်သည်ရန် တွန်းလှန်ဖြိုဖျက် အောင်ပန္နက်နှင့် အောင်ချက်စိုက်ထူ အောင်စခန်းနှင့် အောင်ပန်းယူတော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊ ရုပ်နာမ် နှစ်ရပ် ပရမတ်ကို ပညတ်မှည့်ခေါ် တပည့်တော်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်ဆယ်ဖြာ ထိပ်မှာမိုးလို့မို့ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

တံတေဇသာ၊ နတ်စစ်သည်များမြောင် ယုတ်လှတဲ့ မာရ်နတ်မောင်ကို အောင်မြင်ဘိခြား ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ သံသရာဝဲ ဩဃထဲတွင် လူးလဲခုန်ပေါက် ဘေးအဖြာဖြာ မပြေးသာအောင် မေးလာရောက်သဖြင့် အောင်ပေါက်ကိုမြင့် အောင်ခွင့်ကိုရှာ အောင်ရာကိုမှန်း အောင်လမ်းကိုမျှော် တပည့်တော်အား။ အဂ္ဂံ၊ လွန်လွန်ကျူးကျူး ထူးထူးမြတ်မြတ်ဖြစ်သော။ ဇယမင်္ဂလံ၊ ပြိုင်သူ ဆိုင်သူ နိုင်သူဟူ၍ မှုငွေ့မျှ မတွေ့ရဘဲ နေ့ညမပြင်း အောင်မြင်ခြင်းသည်။ ဘဝတု၊ အစဉ်မမှား မြဲမြဲကြားပြု၍ ထင်ရှားမသွေ ဖြစ်ပါစေသတည်း။

## ရှစ်လုံးဘွဲ့လင်္ကာ

(၁) ခြောက်ဘုံပိုင်နင်း မာရ်မင်းဒေဝါ၊
တထောင်လက်ရိုး သူ့ဘုန်းတေဇာ။
နတ်စစ်သည်ပေါင်း ထောင်သောင်းဝေဖြာ၊
ပလ္လင်တွက် စစ်ဘက်ပြိုင်ပေရှာ။

(၂) သည်သောကာလ ဗုဒ္ဓမြတ်စွာ၊
မာရ်နတ်သားသို့ စကားမှတ်ရာ။
ဘဝါဘဝ ဒါနမြတ်ဟာ၊
ပလ္လင်တွက် ရှင်လျက်ငါပြုလာ။

(၃) ဤသို့ဗုဒ္ဓ နှုတ်ဟသောခါ၊
ရေ,မြေ,လေ,လုံး ခြိမ့်အုံးထင်စွာ။
ကြောက်လန့်တုန်လှုပ် နောက်ဆုပ်ပြေးခွါ၊
အခေါင်နင်း အောင်ခြင်းမင်္ဂလာ။

(၄) အရှင့်ဂုဏ်ထူး ရှင်မြူးသေချာ၊
ဆယ်ဖြာချောင်းလက် ပေါင်းယှက်ဝန္ဒနာ။
ကိုယ်,နှုတ်,စိတ်အား သုံးပါးဝေဖြာ၊
အောင်စေကြောင်း ဆုတောင်းအောင်စေပါ။

---

**မာရာတိရေက မဘိယုဇ္ဈိတသဗ္ဗရတ္တိံ၊**
**ဃောရံ ပနာဠဝကမက္ခမ ထဒ္ဓယက္ခံ။**
**ခန္တီသုဒန္တဝိဓိနာ ဇိတဝါ မုနိန္ဒော၊**
**တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။**

ယောမုနိန္ဒော၊ ဘေးအဝဝ ရန်အသွယ်သွယ် အန္တရာယ် ယူသမျှ အပေါင်းတို့ကို ကောင်းကောင်းကြီး ချိုးနှိမ်၍ အစိုးရိမ်
(ဆဋ္ဌမအကြိမ်)

ကင်းပျောက် အောင်ခြင်းသို့ရောက်တော်မူသော အကြင်မြတ်စွာ
ဘုရားသည်။ မာရာတိရေကာ်၊ မာရ်နတ်သားထက် ဆထက်ထူး
ချွန် အလွန်အလွန်။ သဗ္ဗရတ္တိံ ၊ညဉ့်သုံးယာမ်တို့ ကာလပတ်လုံး။
အဘိယုဇ္ဈိတာ်၊မအိပ်မနေစိတ်မကျေဘဲ ကြိတ်ချေကိုက်ဝါး အစိမ်
စားမယ်လို့ အများကြီး စစ်ထိုးနိုင်ထသော။ ဃောရံ၊ ဖန်ဆင်း
ချက် အဖုံဖုံ လက်နက်မျိုး အစုံစုံတို့ကြောင့် သာမည လူပုံမှာ
အူတုန်အောင် ကြောက်လန့်ဘွယ်ရှိပေထသော။ အက္ခမံ၊ မတူ
များပြား လက်နက်တွေတမူခြားသဖြင့် သူတပါးတို့သည် သည်းခံ
နိုင်စွာထသော။ ထဒ္ဓံ၊ သနားမညှာ အားမနာဘဲ များစွာ
ကြမ်းတန်းခက်ထန်စွာထသော။ အာဠာဝကာံ၊ လောကတလွှား
ပြိုင်ဘက်ရှားလောက်အောင် အားနှင့်တန်ခိုး အမျိုးမျိုးဂုဏ်
အဖုံဖုံတို့နှင့် ပြည့်စုံပေလှ အာဠာဝက အမည်ရသော။ ယက္ခံပန၊
နတ်နန်းတမျှ လျှပ်ပန်းတွေ တကြွကြွနဲ့ မပြတ်တန်းအဝဝ ကာမ
ဂုဏ်တို့ဖြင့် အဖုံဖုံခံစားလျက် မာန်ကြွားကာ နေလေ့ရှိသော
ဘီလူးကိုကား။ ခန္တီသုဒန္တဝိဓိနာ၊ ဆိုဆိုဆဲဆဲ ဆွဲဆွဲထုထု ပြုချင်
သလို ပြုစေတော့ အမှုမထား သည်းခံပုံ ပြိုင်ဘက်ရှားလျက်
တရားလမ်းပြ ကောင်းစွာယဉ်ကျေးအောင် ဆုံးမတော်မူခြင်း
တည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ ကြမ်းတာတွေ မလာရ
မိုက်ပါတွေ ဝေါချလျက် အာဠာဝကဘီလူး အကြမ်းကြီးအား
အထူးအဆန်း အောင်မြင်တော်မူပါပေပြီ။ တံဗုဒ္ဓံ၊ ဣဒ္ဓိပါဒ်
တန်ခိုးနှင့် နတ်အမျိုးပါအဝင်ပေမို့ ငါဘုရင်ဟုတ်ယောင်
မာချင်တဲ့ အပယ်ကောင်ကို ဒုတ်မဆောင် ဓားမပြဘဲ အသား
ရရကြီး အောင်မြင်တော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊
ရုပ်နာမ်နှစ်ပါး ပရမတ်ကို ပညတ်မှည့်ခေါ် တပည့်တော်သည်။
(ဆင့်မအကြိမ်)

စန္ဒာမိ၊ ရှိသေမြတ်နိုး လက်ဆယ်ဖြာ ထိပ်မှာမိုးလို့ မို့ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

တံဇေတဇသာ၊ အာဋ္ဌာဝက ဘီးလူးအကြမ်းကြီးအား အထူးအဆန်းအောင်မြင်တော်မူသော ထိုမြတ်စွာဘုရား၏တန်ခိုးတော်အားဖြင့်။ မေ၊ သံသရာဝဲ ဩဃထဲတွင် လူးလဲခုန်ပေါက် ဘေးအဖြာဖြာမပြေးသာအောင်မှေးလာရောက်သဖြင့် အောင်ပေါက်ကိုဖွင့် အောင်ခွင့်ကိုရှာ အောင်ရာကိုမှန်း အောင်လမ်းကိုမျှော်တပည့်တော်အား။ အင်္ဂ။ လွန်လွန်ကျူးကျူး ထူးထူးမြတ်မြတ်ဖြစ်သော။ ဇယမင်္ဂလံ၊ ပြိုင်သူ ဆိုင်သူ နိုင်သူ ဟူ၍ မြူငွေ့မျှမတွေ့ရဘဲ နေ့ညမယွင်း အောင်မြင်ခြင်းသည်။ ဘဝတု၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားမသေ့ ဖြစ်ပါစေသတည်း။

(၁) အာဋ္ဌာဝက မာနထန်စွာ၊
လက်နက်ကိုင်စွဲ ပြိုင်နွဲ့ယှဉ်လာ။
သုံးယာမ်ညဥ့်လုံး ပစ်မှုံးလေတာ၊
အစိမ်းစား ကြိမ်းဝါး မာန်ပါပါ။

(၂) ထင်သလိုဘဲ ဆိုဆဲပြုခါ၊
စိတ်တော်မပျက် နှစ်သက်ရှုရှာ။
ခန္တီစိတ်သုံး ရှင်ပြုံးမျက်နှာ၊
သဘောကျ ဟောပြမြတ်ဓမ္မာ။

(၃) အရှုံးကျင်းလို့ အလင်းမြင်လာ၊
ကြမ်းမှုမိုက်မှု စုစုစင်ကွာ။
ထံတော်ပါးသို့ ဝပ်တွားဝင်ရှာ၊
အခေါင်နင်း အောင်ခြင်းမင်္ဂလာ။

(ဆဋ္ဌမအကြိမ်)

(၄) အရှင့်ဂုဏ်ထူး ရှင်မြူးကြည်သာ၊
ဆယ်ဖြာချောင်းလက် ပေါင်းယှက်ဝန္ဒနာ။
ကိုယ်နှုတ်စိတ်အား သုံးပါးဝေဖြာ၊
အောင်စေကြောင်း ဆုတောင်းအောင်စေပါ။

နာဠဋ္ဌာဂိရိံ ဂဇဝရံ အတိမဒ္ဒဘူတံ။
ဒါဝဂ္ဂိစက္ကမသနိဝ သုဒါရုဏန္တံ။
မေတ္တမ္ဗုသေက ဝိဓိနာ ဇိတဝါ မုနိန္ဒော။
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယောမုနိန္ဒော၊ဘေးအဝဝ ရန်အသွယ်သွယ်အန္တရာယ်ဟူသမျှ အပေါင်းတို့ကို ကောင်းကောင်းကြီး ချိုးနှိမ်၍ အစိုးရိမ်ကင်းပျောက် အောင်ခြင်းသို့ ရောက်တော်မူသော အကြင်မြတ်စွာဘုရားသည်။ဒါဝဂ္ဂိစက္ကမသနိဝ၊ဝင်းဝါအရောင် တပြောင်ပြောင်နှင့် တောက် လောင်လေပြီး တောမီး မိုးယံ ကြိုး စက် ကဲ့ သို့။ သုဒါရုဏန္တံ၊ ကြောက်ခမန်း လန့်ခမန်း ကြက်သီးတွေ ဖြန်းထလောက်အောင် အလွန်လျှင် ကြမ်းတမ်း ခက်ထန်စွာ ထသော။ အတိမဒ္ဒဘူတံ၊ မှန်ယိုရာမှာ အရက်တိုက်သဖြင့် မိုက်ချင် တိုင်းမိုက် မူးချင်တိုင်းမူး ရူးချင်တိုင်းရူး၍နေသော။ နာဠဋ္ဌာဂိရိံ၊ တောင်ကြီးဟာမျှ ပေမ ၂ပေ...ို့ နာမဘွင်တိ နာဠဋ္ဌာဂိရိ အမည်ရှိသော။ ဂဇဝရံ၊ ဆင်တင်ကြောင့် ဂုဏ်ဒြပ်နှင့် မြင့်မြတ်ဘိအင် မင်းစီးဆင်ကို။ မေတ္တမ္ဗု သေကဝိဓိနာ၊ သတ္တဝါ ါန်သမျှကို သားရာဟုပမာဏကဲ့သို့ မကွာရဖြစ်အင် ချစ်မေတ္တာရေစင်ကို တသွင်သွင်စီးဆင်းအောင် သွန်းလောင်းခြင်း တည်းဟူသောအစီအရင်ဖြင့်။ ဇိတဝါ၊သတ်ရအောင် ပြေးလာသည့် ဆင်ပြောင်ကြီး နာဂါလဲ (ဆင်ရွမအကြိမ်)

အနားမှာ ဒူးတုပ်၍ မူးရုပ်တွေပြေ မူးရေတွေပျောက် မူးတာတွေ အမြစ်ခြောက်လျက် ချစ်,ကြောက်,ရိုသေစွာ အောင်မြင်တော်မူခဲ့ရှာလေပြီ။ တံဗုဒ္ဓံ၊ နာဠာဂီရိ မည်ရှိခေါ်တွင် မင်းစီးဆင်အား အောင်မြင်တော်မူသော ထိုမြတ်စွာ ဘုရားကို။ အဟံ၊ ရုပ်,နာမ် နှစ်ရပ် ပရမတ်ကို ပညတ်မှည့်ခေါ် တပည့်တော်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်ဆယ်ပြွာ ထိပ်မှာမိုးလို့မို့ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

တံတေဇသာ၊ တောင်ကြီးတမျှ ပမာဏမို့ နာမတွင်ဘိ နာဠာဂီရိ အမည်ရှိသော ဆင်ကို အောင်မြင်တော်မူအော ထိုမြတ်စွာ ဘုရား၏ တန်ခိုးတော်အားဖြင့်။မေ၊သံသရာဝဲသြဃထဲတွင် လူးလဲ ခုန်ပေါက် ဘေးအဖြာဖြာ မပြေးသာအောင် မေ့းလာ ရောက် သပြင့် အောင်ပေါက်ကိုပွင့် အောင်ဒွင့်ကိုရှာ အောင်ရာကိုမှန်း အောင်လမ်းကိုမျှော်ဘပည့်တော်အား။အဂ္ဂ၊လွန်လွန်ကျူးကျူး ထူးထူးမြတ်မြတ်ဖြစ်သော။ဒယမင်္ဂလံ၊ပြိုင်သူ,ဆိုင်သူ,နိုင်သူဟူ၍ မှူအငွေ့မျှမတွေ့ရဘဲနေ့,ညမယွင်းအောင်မြင်ခြင်းသည်။ဘဝတု၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားမသွေ ဖြစ်ပါစေသတည်း။

(၁) နာဠာဂီရိ မည်ရှိဆင်ဝွာ၊
ကြမ်းတန်းစွာလှ အာဂဆင်ပါ။
မုန်ယိုယစ်မူး ရူးတဲ့အခါ၊
မြတ်ဘုရား သတ်ငြားစေလွှတ်တာ။

(၂) သတ္တဝါများ သနားကြင်နာ၊
ရာဟုလာသား မခြားမှန်စွာ။
ဘုန်းတော်မြတ်ဖျား တားတဲ့မေတ္တာ၊
ဆင်ပြောင်ကြီး အပြီးချစ်လျက်သာ။

(ဆပ္ဖမအကြိမ်)

## (၁၄) သာယာဝတီ အောင်ခြင်းဘုရားရှိခိုး

(၃) မူးမိုက်ပြေပျောက် ရွှေမှောက်တော်မှာ၊
ဘာသာဘာဝ ဦးချဝင်လာ။
လူလိုသိပြော အမှားပြင်ရှာ၊
အခေါင်နှင်း အောင်ခြင်းမင်္ဂလာ။

(၄) အရှင့်ဂုဏ်ထူး ရှင်မြူးသေချာ၊
ဆယ်ဖြာချောင်းလက် ပေါင်းယှက်ဝန္ဒနာ။
ကိုယ်နှုတ်စိတ်အား သုံးပါးဝေဖြာ၊
အောင်စေကြောင်း ဆုတောင်းအောင်စေပါ။

**ဥက္ခိတ္တ ခဂ္ဂမဘိဟတ္ထ သုဒါရုဏန္တံ။**
**ဓာဝံ တိယောဇနပထင်္ဂုလိမာလဝန္တံ။**
**ဣဒ္ဓိဘိသင်္ခတမနော ဇိတဝါ မုနိန္ဒော။**
**တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။**

ယောမုနိန္ဒော၊ဘေးအဝဝ ရန်အသွယ်သွယ်အန္တရာယ်ဟူသမျှ အပေါင်းတို့ကို ကောင်းကောင်းကြီး ချိုးနှိမ်၍ အစိုးရိမ် ကင်းပျောက် အောင်ပြင်းသို့ ရောက်တော်မူသော အကြင် မြတ်စွာဘုရားသည်။ ဥက္ခိတ္တ ခဂ္ဂမဘိဟတ္ထ သုဒါရုဏန္တံ၊ နေ့ည အမြဲ သံလျက် လက်မှာစွဲ၍ မိုက်မဲသရမ်း လူမြင်ရာ သတ်ခါဖမ်းသဖြင့် အလွန်လျှင် ကြမ်းတမ်းခက်ထန်စွာထသော။ တိယောဇနပထံ၊ သုံးယူဇနာရှိသော ခရီးကို။ (တိယောဇနပထံ၊)လူတို့ ဂေါဟာ ပြောရတွက်ကိန်း တသိန်းသုံးသောင်း လေးထောင်ဆောင်းလျက် တောင်ပေါင်း လေးရာ ခရီးတာကို။ ဓာဝံ၊ တဟုန်တည်း ပြေးစွမ်းနိုင်ထသော။ ဓာဝံ၊ အဟုန်ပြင်းသွာ ပမာလေအား မနား (ဆင့်မအကြွမ်)

-ပါဘဲ တခါထဲ ပြေးစွမ်းနိုင်ထသော။ အင်္ဂုလိမာလဝန္တံ၊ ငယ်မည် အှဟိံသက နာမတင့်ဆန်း လက်ညှိုးပန်းကို ဆင်မြန်းလေဘိ အင်္ဂုလိမာလ အမည်ရှိသော ခိုးသူကြီးကို။ ဣဒ္ဓိဘိ သခ်ံတမနေ၊ အမိုက်ဒိုင်သူခိုးကျော်အား မလိုက်နိုင် ညှိုးလျော်အောင် တန်ခိုး တော်အားဖြင့် ဘန်ဆင်းအပ်သော နှလုံးတော်ရှိသည် ဖြစ်၍။ ဇိတဝါ၊ အဆုံးသတ်မပြေးနိုင် နှလုံးခေတ်မှေးယိုင်လျက် ချွေး ဖြိုင်ဖြိုင်ကျ စိတ်သံဝေအမှန်ရပြီးလျှင် ပသန္နရှင်ကြည် အဥ္စလီ တင်ချီသလျက် တပည့်တော် ဗောလအား ကယ်မ,သနားတော် မူပါဘုရားဟု လျှောက်ထားပန်ထွာ အောင်မြင်တော် မူရှာ လေပြီ။ တံဗုဒ္ဓံ၊ အင်္ဂုလိမာလ နာမတင့်ဆန်း လူသရမ်းကြီးအား အောင်ပန်းဆင်တော်မူသောထိုမြတ်စွာဘုရားကို။အဟံ၊ရုပ်,နာမ် နှစ်ရပ် ပရမတ်ကို ပညတ်မှည့်ခေါ် တပည့်တော်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်ဆယ်ဖြာ ထိပ်မှာမိုးလို့မို့ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

တံတေဇသာ၊ လက်ညှိုးပန်းကို ဆင်မြန်းလေဘိ အင်္ဂုလိမာလ အမည်ရှိသော ခိုးသူကြီးကို အောင်မြင်တော်မူသော ထိုမြတ်စွာ ဘုရား၏တန်ခိုးတော်အားဖြင့်။မေ၊သံသရာဝဲ သြဃထဲတွင် လူးလဲ ခုန်ပေါက် ဘေးအဖြာဖြာ မပြေးသာအောင် မှေးလာရောက် သဖြင့် အောင်ပေါက်ကိုဖွင့် အောင်ခွင့်ကိုရှာ အောင်ရာကိုမှန်း အောင်လမ်းကိုမျှော်တပည့်တော်အား။အဂ္ဂံ၊လွန်လွန်ကျူးကျူး ထူးထူးမြတ်မြတ်ဖြစ်သော။ဇယမင်္ဂလံ၊ပြိုင်သူ,ဆိုင်သူ,နိုင်သူဟူ၍ မှုအငွေ့မျှမတွေ့ရဘဲနေ့,ညမယွင်းအောင်မြင်ခြင်းသည်။ဘဝတု၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားမသွေ ဖြစ်ပါစေသတည်း။

(ဆဋ္ဌမအကြိမ်)

## (၁၆) သာယာဝတီ အောင်ခြင်းဘုရားရှိခိုး

(၁) အင်္ဂုလိဟု ထုတိကျေညာ၊
လူမြင်ရာဖမ်း ကြမ်းတန်းသတ်ခါ။
လက်ညှိုးပန်းကို ဆင်မြန်းမုန့်စွာ၊
မြတ်ဘုရား သတ်ငြားသူလိုက်ရှာ။

(၂) လိုက်ပါသော်လဲ မှီဘဲထိုခါ၊
အားအင်ကုန်ခန်း ပင်ပန်းလေဘာ။
ဖြိုင်ဖြိုင်ချွေးကျ တွေးဆပေရှာ၊
ဘ,ဘုရား ငါ့အားချွတ်ရန်လာ။

(၃) မြတ်စွာထံပါး ဝပ်တွားပန်ထွာ၊
သံဝေစိတ်ဓာတ် မပြတ်ပေါ်လာ။
ကျိုးကြောင်းနှုန်းပြ ဆုံးမရှုသာ၊
အခေါင်နှင်း အောင်ခြင်းမင်္ဂလာ။

(၄) အရှင့်ကျေးကျူး ရှင်မြူးသေချာ၊
ဆယ်ဖြာချောင်းလက် ပေါင်းယှက်ဝန္ဒနာ ။
ကိုယ်,နှုတ်,စိတ်အား သုံးပါးဝေဖြာ၊
အောင်စေကြောင်း ဆုတောင်းအောင်စေပါ။

ကတွာန ကဋ္ဌမုဒဂ္ဂ ဃာဝ ဂဗ္ဘိနီယံ၊
စိဥ္စာယ ဒုဋ္ဌဝစနံ ဇနကာယမဇ္ဈေ။
သန္တေန သောမဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု ပေ ဇယမင်္ဂလဂ္ဂံ။

ယောမုနိန္ဒော၊ ဘေးအဝဝ ရန်အသွယ်သွယ်အန္တရာယ်ဟူသမျှ အပေါင်းတို့ကို ကောင်းကောင်းကြီး ချိုးနှိမ်၍ အစိုးရိမ် ကင်းပျောက် အောင်ခြင်းသို့ ရောက်တော်မူသော အကြင် မြတ်စွာ (ဆင္ဃမအကြိမ်)

ဘုရားသည်။ ကဌ္ဍ၊ သစ်သားကို။ ဂဗ္ဗိနီယံ၊ သဏ္ဌာန်ယူထုတ် နမူ
သုပ်လျက် အဟုတ်တူအောင် ကိုယ်ဝန်ဆောင်သော၊ ဥဒရံကွာဝ၊
နေ့,လ,ရက်နီး ဝမ်းဗိုက်ကြီးကဲ့သို့။ကတွာန၊မြင်သူအများ သင့်တူ
ဆင်တူ ယင်ယူမှားလောက်အောင် ကားကားကြီး ပြုလတ်၍။
ဇနကာယမဇ္ဈေ၊အသွားအလာ တရားနာကြတဲ့ များစွာထပ်ထပ်
လူ့ရဟန်းဖြင့်သော ပရိသတ်တို့၏ အလယ်၌။ စိဉ္စာယ၊ သန္တေ
သူမ အလှထိပ်တင် လှဘုရင်စစ် စိဉ္စမာနဝိက အမည်ရသော
မိန်းမညစ်ဇ်။ ဒုဌ္ဌဝစနံ၊ လူသူလေးပါး ကြား၍မလျော် မတော်
ဘိပြား စွပ်စွဲလာတဲ့ စကားကို။ သန္တေန၊ ငြိမ်သက်စွာသော။
သောမဝိခိနာ၊ ဖြူစင်စွာသော အစီအရင်ဖြင့်။ သန္တေန-သောမ
ဝိဓိနာ၊ မယ်မင်းနှင့်ငါ ဖြစ်ပျက်တဲ့ချင်းအရာကို မှန်ကန်စွာ သိစေ
သားဟု စိတ်သားတော်ဖြူစင် ဓိဋ္ဌာန်ချက်အစီအရင်ဖြင့်။ဇိတဝါ၊
မိန်းမသုတ်ပသီဉာဏ် ကိန်းထုတ်တဲ့ စီအမံဘို့သည် လျင်မြန်စွာ
ပြုတ်ပြည်ကျသဖြင့် လှလုကြီးအောင်မြင်တော်မူပါပေပြီ။တံဘုဒ္ဓံ၊
မမြင်အောင်အံ့ဩ၍ တိတ္ထိတို့ဉာဏ် စိတ်ရှိတိုင်း ကြံသော်လဲ မခံ
နိုင်ပြား ဘုန်းတော်ဟုန် တန်ခိုးအားကြောင့် ဘွားဘွားကြီး
ပေါ်စေတော်မူရတဲ့ ထိုမြတ်စွာဘုရားကို။ အဟံ၊ ရုပ်,နာမ်
နှစ်ရပ် ပရမတ်ကို ပညတ်မှည့်ခေါ် တပည့်တော်သည်။ ဝန္ဒာမိ၊
ဂုဏ်သေမြတ်နိုး လက်ဆယ်ဖြာထိပ်မှာမိုးလို့မို့ ရှိခိုးကန်တော့ပါ၏
မြတ်စွာဘုရား။

တံတေဇသာ၊ သန္တေသူမ အလှထိပ်တင် လှဘုရင်စစ် စိဉ္စမာန
ဝိကာ အမည်ရှိသောမိန်းမညစ်ကို အောင်မြင်တော်မူသော ထိုမြတ်
စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ သံသရာဝဲသြဃထဲတွင်
လူးလဲခုန်ပေါက် ဘေးအဖြာဖြာ မပြေးသာအောင် မေ့လာ

## (၁၈)　　သာယာဝတီအောင်ခြင်းဘုရားရှိခိုး

ရောက်သဖြင့် အောင်ပေါက်ကိုဖွင့် အောင်ခွင့်ကိုရှာ အောင်ရာကိုမှန်း အောင်လမ်းကိုမျှော် တပည့်တော်အား။ အင်္ဂါ၊ လွန်လွန်ကျူးကျူး ထူးထူးမြတ်မြတ်ဖြစ်သော။ ဇယမင်္ဂလာ၊ ပြိုင်သူ့ဆိုင်သူ့နိုင်သူဟူသမျှ မှူအငွေ့မျှမတွေ့ရဘဲ နေ့ညမယွင်းအောင်မြင်ခြင်းသည်။ ဘဝတု၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားမသွေဖြစ်ပါစေသတည်း။

(၁) သန္ဒေသူမ အလှကညာ၊
စိဋ္ဌမာန မာနခဲ့ဟာ။
ဆရာတိတ္ထိ စိတ်ရှိဆွဲရာ၊
လူ့ဘုရား မှုသားထင်လင်းစွာ။

(၂) လူ့ရှင့်ရဟန်း ရှင်လန်းကြည်သာ၊
တရားနာခိုက် ကြုံကြိုက်သည်ခါ။
တောင်မြောက်ကိုကြည့် ထင်မိထင်ရာ၊
အဟုတ်များ ဟုတ်လား ဟုတ်မည်ပါ။

(၃) ငါနှင့်မယ်မင်း ဖြစ်ခြင်းအင်ဟာ၊
သိစေသားဟု ဘုရားရှင်မှာ။
နတ်တို့ဖျက်ချ ရှက်ရထင်စွာ၊
အခေါင်နှင်း အောင်ခြင်းမင်္ဂလာ။

(၄) အနန္တဂုဏ်ကျေး ရှင်မြူးသေချာ၊
အညီဖြာချောင်းလက် ပေါင်းယှက်ဝန္ဒနာ။
ကိုယ့်နှုတ့်စိတ်အား သုံးပါးဝေဖြာ၊
အောင်စေကြောင်း ဆုတောင်းအောင်လေပါ။

(ဆင္ဃမအကြိမ်)

သစ္စံ ဝိဟာယ အဒ္ဓတိသစ္စကဝါဒကေတုံ၊
ဝါဒါဘိရောပိတမနံ အတိအန္ဓဘူတံ။
ပညာပဒီပဇလိတော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေဇယမင်္ဂလဂ္ဂံ။

ယော မုနိန္ဒော၊ ဘေးအဝဝ ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှ အပေါင်းတို့ကို ကောင်းကောင်းကြီး ချိုးနှိမ်၍ အစိုးရိမ်ကင်းပျောက် အောင်ခြင်းသို့ရောက်တော်မူသော အကြင်မြတ်စွာဘုရားသည်။ သစ္စံ၊ မှန်သောစကားကို။ ဝိဟာယ၊ စွန့်၍။ အတိသစ္စကဝါဒကေတုံ၊ မှားတာကိုမှန် မှန်တာကိုမှား ငါတကားဟုပလွှားသောစိတ်ရှိထသော။ ဝါဒါဘိရောပိတမနံ၊ ဇွတ်တရွတ် အငြင်းသန် ကိုယ့်ဟာမှအမှန်ဟု အင်မတန် တဘက်သားကို ထောင်လွှားနှိမ်နင်းလိုသော စိတ်ရှိထသော။ အတိအန္ဓဘူတံ၊ ဂုဏဝယ ဘာမျှမသိ မိုက်တိမိုက်ကန်း အလွန်ကြမ်းတဲ့ သစ္စကပရိဗိုဇ် ရဟန်းကို။ ပညာပဒီပဇလိတော၊ ပညာဆီမီး အလင်းရောင်နှင့်ဝင်းပြောင်းညီးအောင်အပြီးညှိထွန်းတော်မူသည်ဖြစ်၍။ ဇိတဝါ၊ ဇွတ်တရွတ်ဂွစာ အလင်းရောင်ပေါ်လာသဖြင့် အလော်မာအယုတ်ခေတ်တို့သည် ပြိုင်ပြတ်ကင်းစင်ကာ အောင်မြင်တော်မူရရှာလေပြီ။ တံဗုဒ္ဓံ၊ သစ္စကဟု နာမတင့်ဆန်း ပရိဗိုဇ် ရဟန်းအား အောင်ပန်းဆင်တော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊ ရှပ်နာမ်နှစ်ရပ် ပရမတ်ကို ပညတ်မှည့်ခေါ် တပည့်တော်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်ဆယ်ဖြာ ထိပ်မှာမိုးလို့မို့ ရှိခိုး ကန်တော့ပါ၏ မြတ်စွာဘုရား။

တံ တေဇသာ၊ ငါ့စကားနွားရ ဂွသမား အဝါး ဝသည်ကို တရားအရအလင်းရောင်နှင့် ရှင်းရှင်းကြီး အောင်မြင်တော်မူသော

## (၂၀) သာယာဝတီ အောင်ခြင်းဘုရားရှိခိုး

ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ သံသရာဝဲသြဃထဲတွင် လူးလဲခုန်ပေါက်ဘေးအဖြာဖြာ မပြေးသာအောင် မွေးလာရောက်သဖြင့် အောင်ပေါက်ကိုဖွင့် အောင်ခွင့်ကိုရှာ အောင်ရာကြမှန်း အောင်လမ်းကိုမျှော် တပည့်တော်အား။ အဂ္ဂါ၊ လွန်လွန်ကျူးကျူး ထူးထူး မြတ်မြတ်ဖြစ်သော။ ဇယမင်္ဂလာ၊ ပြိုင်သူ့ဆိုင်သူ့နိုင်သူဟူ၍ မှုအငွေ့မျှ မတွေ့ရဘဲ နေ့ညမသွင်း အောင်မြင်ခြင်းသည်။ ဘဝတု၊ အစဥ်မမှား မြင်အကြားဖြင့် ထင်ရှားမသွေဖြစ်ပါစေသတည်း။

(၁) သစ္စကာဟု နာမလျှံဝါ၊
ပြိုင်သူဘက်ကင်း ထက်ခြင်းမှန်စွာ။
မာနလျှံကဲ ထန်သဲဖန်ခါ၊
တမိုဃ်းအောက် တယောက်သူဆင်ရှာ။

(၂) ဝါဒယှဥ်ပွဲ ဆင်နွှဲမည်သာ၊
တပည့်များတို့ သိဌြားလွယ်စွာ။
သူလား၊ ငါလား ဘုရားဘယ်ဟာ၊
အကဲခတ် ပွဲပြတ်ဘာကယ်ပါ။

(၃) အနတ္တနှင့် အတ္တယှဥ်ခါ၊
အနတ္တစစ် ဖြစ်တော့မြင်လာ။
ဆရာသစ္စက ရှုံးရထင်စွာ၊
အခေါင်နင်း အောင်ခြင်းမင်္ဂလာ။

(၄) အလျှင့်ဂုဏ်ထူး ရွှင်းမြူးသချာ၊
ဆယ်ဖြာချောင်းလက် ပေါင်းယှက်ဝန္ဒနာ။
ကိုယ်နှုတ်၊ စိတ်အား သုံးပါးခဝဖြာ၊
အောင်စေကြောင်း ဆုတောင်းအောင်စေပါ

(ဆင္ဆမအကြိမ်)

နန္ဒောပနန္ဒဘုဇဂံ ဝိဝိခံ မဟိဒ္ဓိံ၊
ပုတ္တေန ထေရဘုဇဂေန ဒမာပယန္တော။
ဣဒ္ဓူပဒေသဝိမိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယော မုနိန္ဒော၊ဘေးအဝ ဝရန်အသွယ်သွယ် အန္တရာယ်ဟူသမျှ အပေါင်းတို့ကို ကောင်းကောင်းကြီး ချိုးနှိမ်၍ အစိုးရိမ် ကင်းပျောက် အောင်ခြင်းသို့ ရောက်တော်မူသော အကြင် မြတ်စွာဘုရားသည်။ ဝိဝိခံ၊ ထူးထွေဆန်းကြယ် အံ့ဘွယ်ဘိဖြား လွန်များပြားသော။ မဟိဒ္ဓိံ၊ နတ်နဂါးမို့ ကြီးမားသော တန်ခိုးရှိထသော။ နန္ဒောပနန္ဒဘုဇဂံ၊ မြေလျှိုးမိုးယံပျံ တန်ခိုးစျာန်နှင့် ပြင်းထန်ကြီးမား နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို။ထေရဘုဇဂေန၊ ဆထက်တန်ပိုး စျာန်တံခိုးနှင့် ပြိုးပြက်ပြက်ရောင်ဝင်းပြောင်ပလွှား အလွန်ကြီးမြတ်သော နဂါးမင်း ဖြစ်တော်မူသော။ ပုတ္တေန၊ အမျိုးတကာ မတိုးသာအောင် တန်ခိုးအရာတွင် ပြိုင်ဘက်ရှားပေသည့် သားတော်ကြီးရှင်မောဂ္ဂလာန်နှင့်။ ဒမာပယန္တော၊ ဣဒ္ဓိပါဒ် တန်ခိုးစျာန်နှင့် အမျိုးမှန်လက်ကိုင် အခိုးအလျှံ ချင်းထွက်ပြိုင်စေလျက်။ဣဒ္ဓူပဒေသ ဝိမိနာ၊ တန်ခိုးဘန်ဆင်းခြင်း၌ စည်းကမ်းတကျ မှီးငြမ်းရလောက်အောင် နည်းလမ်းပြခြင်း တည်းဟူသော အစီရင်ဖြင့်။ ဇိတဝါ၊ နန္ဒောပနန္ဒ နဂါးမင်း၏ ပြင်းထန်တဲ့ မာန်အစွယ်တို့သည် အလမ္ပယ် လက်တွင်းသို့ သက်ဆင်းကျရောက်သည့် မြွေပမာ အောင်မြင်တော်မူရှာလေပြီ။ တံဗုဒ္ဓံ၊ နန္ဒောပနန္ဒ မည်နာမနှင့် မာနထန်ပြင်း နဂါးမင်းအား အောင်မြင်တော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊ ရုပ်နာမ် နှစ်ရပ် ပရမတ်ကို ပညတ်မှည့်ခေါ် တပည့်တော်သည်။ ဝန္ဒာမိ၊

 (ဆင္မအကြိမ်)

## (၂၂) သာယာဝတီ အောင်ခြင်းဘုရားရှိခိုး

ရှိသေမြတ်နိုး လက်ဆယ်ဖြာ ထိပ်မှာမိုးလို့မို့ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

တံတောင်သာ၊ မိုက်မိုက် မှုးမှုး ရှူးရှူး နှမ်းနှမ်း ဆန်းချင်တိုင်း ဆန်းစေတော့ အောင်လမ်းမှာထိုင် အောင်ပန်းကို ကိုင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။မေ၊ သံသရာဝဲ ဩဃထဲဘွင် လူးလဲခုန်ပေါက် ဘေးအဖြာဖြာ မပြေးသာအောင် မေ့းလာရောက်သဖြင့် အောင်ပေါက်ကိုဖွင့် အောင်ခွင့်ကိုရှာ အောင်ရာကိုမှန်း အောင်လမ်းကိုမျှော်တပည့်တော်အား။အဂ္ဂ၊ လွန်လွန် ကျူးကျူး ထူးထူးမြတ်မြတ် ဖြစ်သော။ ဇယမင်္ဂလာ၊ ပြိုင်သူ့ ဆိုင်သူ့ နိုင်သူဟူ၍ မြူအငွေ့ မျှမတွေ့ရဘဲ နေ့ညမယွင်း အောင်မြင်ခြင်းသည်။ ဘဝတို၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားမသွေ ဖြစ်ပါစေသတည်း။

(၁) နတ်နဂါးမို့ ကြီးမားလျှံဝါ၊
နန္ဒော-ပနန္ဒ မာနထန်စွာ။
ဖုံဖုံဖန်ဆင်း ထန်ပြင်းမာန်ပါ၊
ဇော်ဘုရား စော်ကားသူရန်ရှာ။

(၂) သားဘော်ချင်မောင် တင်မြောက်လေခါ၊
ဆသက်တံမိုး တန်ခိုးဝေဖြာ။
ပြိုင်ခြင်းဆိုင်ခြင်း နိုင်နင်းစေရာ၊
နည်းလမ်းပြ ဆုံးမသင်ပေရှာ။

(၃) မောင်နန္ဒောဖြင့် မာန်လျှော့စင်ကွာ၊
ကြောက်လန့်တုန်လှုပ် နောက်ဆုတ်လျှင်စွာ။
လမှာယ်လက်တွင်း သက်ဆင်းမြွေပမာ၊
အခေါင်နင်း အောင်ခြင်းမင်္ဂလာ။

(ဒေါ်မှုမအကြိမ်)

(၄) အရှင့်ဂုဏ်ထူး ရှင်မြူးသေချာ၊
ဆယ်ဖြာချောင်းလက် ပေါင်းယှက်ငွေနှာ။
ကိုယ်နှုတ်စိတ်အား သုံးပါးဝေဖြာ၊
အောင်စေကြောင်း ဆုတောင်းအောင်စေပါ။

---

ဒုဂ္ဂါဟဒိဋ္ဌိ ဘုဇဂေန္ဒ သုဒဋ္ဌဟတ္ထံ၊
ဗြဟ္မံ သုတံ ဇုတိမဟိဒ္ဓိံ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယောမုနိန္ဒော၊ဘေးအဝဝ ရန်အသွယ်သွယ်တို့အကြားရယ်ဟူသမျှ အပေါင်းတို့ကို ကောင်းကောင်းကြီး ချိုးနှိမ်၍အစိုးရိမ် ကင်းပျောက် အောင်ခြင်းသို့ ရောက်တော်မူသော အကြင်မြတ်စွာဘုရားသည်။ ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန၊ မသင့်မတော် မလျော် အမှုမကြည်ဖွယ်အပ်မမြတ်သောအယူမှိုက်စွာဒိဋ္ဌိတည်းဟူသောမြွေသည်။ သုဒဋ္ဌဟတ္ထံ၊ အတင်းမညှာ မငြင်းသာအောင် ပြင်းစွာကိုက်အပ်သော လက်ရှိထသော။သုတံ၊ သတင်းဝေဖြာ အခြေသာ၍တေဇာသဘော ကျေညာပြောလျက် ကျော်စောစွာထသော။ ဇုတိမဟိဒ္ဓိံ၊ အောက်မကျ-နောက်မကျနဲ့ အမောက်ဘဝမျိုး ပေမို့တောက်ပ ကြီးကျယ်သော တန်ခိုးရှိထသော။ ဗကာဘိဓာနံ၊ ဗကအမည် ရှိသော။ ဗြဟ္မံ၊ ဗြဟ္မာမင်းကို။ ဉာဏာဂဒေန၊အဆိပ် အဖြာဖြာ ထိပ်မှာတက်သော်လဲ အရိပ်မသာအောင် ကြိတ်ခါဖျက်တတ်ဘဲ့ နှစ်သက်ဝမ်းမြောက်ဖွယ်ရာ ဉာဏ်တော်ဘည်းဟူသော ဆေးဟုဆိုအပ်သော။ဝိဓိနာ၊ ဆုံးမသွန်သင် ပဲ့ပြင်လမ်းပြ ကုသခြင်းတည်းဟူသော အစီအရင်ဖြင့်။ဇိတဝါ၊ နှားတာတွေ့ပျောက်

(ဆင့်မအကြိမ်)

မှန်တာရောက်လျက် မြင့်မောက်ပေါ်လွင် အောင်မြင်တော်မူရ ရှာလေပြီ။တံဗုဒ္ဓ ၊ဗကအမည်ရှိသော ဖြူဟ္မာမင်းကြီးအားအောင် မြင်တော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊ ရုပ်, နာမ်နှစ်ရပ် ပရမတ်ကို ပညတ်မှည့်ခေါ် တပည့်တော်သည်။ ဝန္ဒာမိ၊ ရိုသေ မြတ်နိုးလက်ဆယ်ဖြာထိပ်မှာမိုးလို့မို့ ရှိခိုးကန်တော့ပါ၏မြတ်စွာ ဘုရား။

တံတေဇသာ၊ မောက်မောက်မော်မော် ကျော်ကျော် ကြား ကြား ကြွားချင်တိုင်း ကြွားစေတော့ မားမံားကြီး အောင်မြင် တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ သံသရာဝဲသြဃထဲတွင်လူးလဲခုန်ပေါက်ဘေးအဖြာဖြာမပြေးသာ အောင် မှေးလာရောက်သဖြင့် အောင်ပေါက်ကိုဖွင့် အောင်ခွင့် ကိုရှာ အောင်ရာကိုမှန်း အောင်လမ်းကိုမျှော် တပည့်တော်အား။ အဂ္ဂံ၊လွန်လွန်ကျူးကျူးထူးထူးမြတ်မြတ်ဖြစ်သော၊ဇယမင်္ဂလံ၊ ပြိုင်သူ,ဆိုင်သူ, နိုင်သူဟူ၍ မြူအငွေ့မျှမတွေ့ရဘဲ နေ့ညမယွင်း အောင်မြင်ခြင်းသည်။ ဘဝတု၊ အစဉ်မမှားမြင်အကြားဖြင့် ထင် ရှားမသွေ ဖြစ်ပါစေသတည်း။

(၁) ဗကမည်ခြင်း နတ်မင်းဗြဟ္မာ၊
ရောင်ဝါတန်ခိုး လွန်ဖြိုးဝေဆာ။
စည်းစိမ်ယစ်မူး အထူးနေရှာ၊
သူ့စိတ်ထဲ ဒါဘဲပြည်မေ။

(၂) အပယူမှောက်မှား ဖေါက်ပြားဗြဟ္မာ၊
သန်ခိုရလမ်း မျှော်မှန်းဆကာ။
ဖြစ်ပုံပျက်နည်း အပြီးရလာ၊
ဓမ္မောဇ ဟောပြမြတ်ဆရာ။

(ဆင္ဃမအကြိမ်)

(၃) ရွှေနောက်အရေး ထောက်တွေးထင်စွာ၊
သင်္ခါရလမ်း ဖြောင့်တန်းမြင်ရှာ။
မွှားတာဝန်ချ ဗကာဝင်လာ၊
အခေါင်နင်း အောင်ခြင်းမင်္ဂလာ။

(၄) အရှင့်ဂုဏ်ထူး ရှင်မြူးသေချာ၊
ဆယ်ဖြာချောင်းလက် ပေါင်းယှက် ဝန္ဒနာ။
ကိုယ်နှုတ်စိတ်အား သုံးပါးဝေဖြာ၊
အောင်စေကြောင်း ဆုတောင်းအောင်စေပါ။

---

# အတွင်းအောင်ခြင်း

## အတွင်းအောင်ခြင်းအမှန်း

ဇေယျတု သဗ္ဗမင်္ဂလံ။ ။သဗ္ဗမင်္ဂလံ၊လောကသံသာ နှစ်ဖြာ အကျိုး တိုးကြီးတိုးဘို့ ကောင်းနိုးရာရာ အလုံးစုံသော မင်္ဂလာ တော်သည်။ ဇေယျတု၊ ကိုယ်နှုတ်စိတ်အား သုံးပါးကြည်သာ ညီညွတ်စွာ သောကြောင့် အောင်ပါစေသတည်း၊ အောင်စေ သတည်း။

အောင်ခြင်း မင်္ဂလာ အောင်ခြင်း သာသို့ အောင်ရာစခန်း အောင်ရာလမ်းကို အဆန်းတကြယ် နည်းသွယ်သွယ်ဖြင့် ဖွယ်ဖွယ် ရာရာ အဖြာဖြာကို ကြင်နာသနား မေတ္တာထား၍ ဟောကြား ခဲ့အင် အောင်လမ်းမြင်ဘို့ အရှင်ထွဋ်ထားမြတ်ဘုရား၏ ကြီးမား ရှုစာ ကရုဏာကို ပြုရာနေ့ည မမေ့ကြဘဲ စွဲကြီးစွဲ၍ လိုက်လဲ ဝမ်းသာ ကြည်ညိုစွာဖြင့် သံသာလောက နှစ်ဌာနတွင် စစမကျန် အောင်မြင်ရန်နှင့် အောင်သံအောင်သွေး အောင်စိတ်မွေးလျက်

(ဆက်မအကြိမ်)

အောင်ရေးကိုမျှော် အောင်ချင်သော်မူ အောင်ဘော်အများ
အောင်ရငြားမို့ အောင်အားကိုစိုက် အောင်စေခိုက်တွင် အောင်
ထိုက်သမျှ အဝဝကိုမုချမသွေ အောင်ကြစေဘို့ အောင်ရေကို
ဖျန်း အောင်စေပန်းနှင့် အောင်လမ်းဝေဖြာ ဒေသနာကိုသချ္ဇာ
မယ်တို့....ရွတ်ပါစို့၊ သချ္ဇာမောင်တို့....ရွတ်ပါစို့။

---

## အတွင်းအောင်ခြင်းပါဠိ—အနက်

အဝိဇ္ဇာအဏ္ဏဝေ ဘာသမိ၊
သတ္တေတဏှာဇလာဗုဇေ။
တမှာဥ္ဓာနှာ နိက္ခာမေသိ၊
ဒေသနာ ဉာဏတေဇသာ။
တေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

အဝိဇ္ဇာအဏ္ဏဝေသမို၊ ဖုံးပိတ်ကာ အဝိဇ္ဇာ တည်းဟူသော
ဥဒ္ဓံ တွင်း၌။ တဏှာဇလာဗုဇေ၊ ကပ်ငြိတွယ်တာ တဏှာတည်း
ဟူသော သားအိမ်၌ ဖြစ်ကုန်သော။ သတ္တေ၊ များစွာသောင်း
သောင်း သတ္တဝါ အပေါင်းတို့ကို။ တမှာဥ္ဓာနှာ၊ အဝိဇ္ဇာနှင့်
တဏှာနှစ်ဝ မမြင်မစန်း မရှင်လန်းလောက်အောင် ပင်ပန်းရတဲ့
ထိုနေရာမှ။ ဒေသနာဉာဏတေဇသာ၊ လမ်းစဉ်ကိုပြ လမ်းစကို
ပေါ် ဆုံးမတော်မူခြင်း တည်းဟူသော တန်ခိုးတော်အားဖြင့်။
နိက္ခာမေသိ၊ ဥဒ္ဓံကိုဖေါက် အချက်ရောက်အောင် ထွက်မြောက်
တော်မူပြီ၊ ထိုဒွိ၊ အဝိဇ္ဇာနှင့် တဏှာရစ်မှေး ညစ်အကြေးတို့
ကို စင်အောင်ဆေးကာမှုန်းဆဲ့ သမ်းပြသွန်သင် ထွက်ငြမ်းဆင်တော်မူ

(ဆင့်မအကြိမ်)

**သော** ထိုမြတ်စွာဘုရားကို။ အဟံ၊ သံသာဝဋ်ဘေး မကျွတ်သေး၍ လွတ်ရေးကိုမျှော် တပည့်တော်သည်။ ဝန္ဒာမိ၊ အရှင့်ကျေးဇူး ဂုဏ်ညွှန့်ဖူးကို ရှင်မြူးကြည်သာ ဝမ်းမြောက်စွာဖြင့် သေချာ မြတ်နိုး လက်စုံမိုးလို့မို့ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

တေနသစ္စဝဇ္ဇေန၊ ဤသို့ထုတ်ပြန် ဟုတ်မှန်ဘိခြင်း ဆိုလိုက်ရတဲ့ သစ္စာစကားကြောင့်။ မေ၊ အတန်တန်ဘေး အမြန်အေးဘို့ ကြံတွေးရည်ရော် တပည့်တော်သည်။ ဇယမင်္ဂလံ၊ အောင်အကျိုး ဝေဖြာ အောင်တန်ခိုး တေဇာနှင့် အောင်စေရာ အထပ်ထပ် သောင်ခေမာ ကပ်လောက်အောင် အောင်အပ်တဲ့ မင်္ဂလာသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

**ရှစ်လုံးဘွဲ့ကဗျာ**

အဝိဇ္ဇာစ မူလတဏှာ၊
ရန်သူဖျက်ဆီး ထွက်နည်းပြရှာ။
အရှင့်ဂုဏ်ထူး ရှင်မြူးဝန္ဒနာ၊
အောင်စေကြောင်း ဆုတောင်းအောင်စေပါ။

---

မဟာမောဟန္ဓကာရေန၊
အဘိဘူတေ မဟာဇနေ။
ပညာပဇ္ဇောတံ လဒ္ဓါပေသိ၊
ဉာဏာလောကေန သော ဇိနော။
တေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

သောဇိနော၊ အောင်သူတကာတို့ ထိပ်တင် အောင်လင်းကို ဆွင်သဖြင့် အောင်ဘုရင်တဆူ ဖြစ်တော်မူသော ထိုမြတ်စွာ

(ဆ[illegible])

ဘုရားသခင်သည်။ မဟာမောဟန္ဓကာရေန၊ မှိုးတွယ်မရ ကြီးကျယ်လှသည့် မောဟတည်းဟူသော အမိုက်တိုက်သည်။ အဘိဘူတော၊ သံသရာ လမ်းမတုံးအောင် အကြမ်းဆုံး နှိပ်စက်အပ်ကုန်သော။ မဟာဇနေသတ္တော၊ နှိပ်စက်သမျှ အတန်တန် စိတ်လက်ချ၍ ခံရသဖြင့် အင်မတန်အောက်ကျ-နောက်ကျ ဖြစ်၍နေရှာသော များစွာသောင်းသောင်း သတ္တဝါအပေါင်းတို့ကို။ ဉာဏာလောကေန၊ ဘဝအထူးထူးက ဆည်းပူးခဲ့တဲ့ပါရမီဉာဏ် အလင်းရောင်သန့်သန့်ဖြင့်။ ပညာစက္ခုံ၊ အမှားအမှန် တရားဉာဏ်ကို ဝေဘန်နိုင်ဘိပညာတည်းဟူသော မျက်စိကို။ လဘာပေသိ။ ကျွတ်ထိုက်သူသတ္တဝါအပေါင်းတို့အား ကောင်းကောင်းကြီး ရတော်မူစေပြီ။ တံဗုဒ္ဓံ၊ မောဟမှောင်ကြီး ပိတ်ကာဆီးသဖြင့်အထီးမှန်း၊အမမှန်း မသိအောင် မှောင်ချင်တိုင်း မှောင်၍ နေသော သတ္တဝါတွေကို ဉာဏ်မဟာ အလင်းရောင်ဖြင့် ပညာမျက်စိရအောင် ပေးဆောင်တော်မူပတ်သော ထိုမြတ်စွာဘုရားကို။ အဟံ၊ သံသာဝဋ်ဘေး မကျွတ်သေး၍ လွတ်ရေးကိုမျှော် တပည့်တော်သည်။ ဝန္ဒာမိ၊ အရှင့်ကျေးဇူး ဂုဏ်သုန့်ဖူးတွေကို ငုံမြူးကြည်သာ ဝမ်းမြောက်စွာဖြင့် သေချာမြင်ကန်း လက်စုံမိုးလို့ပ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

ဧပေမှ သမ္ပန္နေ၊ ဤသို့ထုပ်ပြန် ဟုတ်မှန်ပါကြောင်း ဆိုလိုက်ရတဲ့ သစ္စာကကာကြောင်း။ မောအတန်းတန့်ဘေး အမြန်အေးဘို့ကြံတွေ့ရောင်ရော် တ...တော်အား။ ဇယမင်္ဂလာ၊ အောင်အကျိုးဝေဖြာ အောင်တန်ခိုး တေဇာနှင့် အောင်စေရာ အထပ်ထပ်သောင်ခေမာ ကပ်လောက်အောင် အောင်အပ်တဲ့ မင်္ဂလာသည်။ ဟောတု၊ ...င်စစ်မသွေ ဖြစ်ပါစေသတည်း။

(ဆဋ္ဌမအကြိမ်)

မောဟမှောင်ကြီး ပိတ်ဆီးကွယ်ကာ၊
ပညာမျက်စိ ပေးဘိလွယ်စွာ။
အရှင့်ဂုဏ်ထူး ရွှင်မြူးဝန္ဒနာ၊
အောင်စေကြောင်း ဆုတောင်းအောင်စေပါ။

ရာဂါဒိ အဂ္ဂိဇာလေဟိ၊
ဥစ္စုကာယံ မဟာ ဇနံ။
နိဗ္ဗာပေသိ နရာနာထော၊
အဋ္ဌမဂ္ဂင်္ဂ ဝါရိနာ။
တေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

နရာနာထော၊ လူသုံးပါးတို့၏ ကိုးစားရာအစစ် ဖြစ်ကြီးဖြစ်တော်မူသော ထိုမြတ်ဘုရားသခင်သည်။ ရာဂါဒိ အဂ္ဂိဇာလေဟိ၊ အပူတွင်ထိပ်သီးမို့ နတ်တွေပါ ခေါင်းကုတ်လို့ ညည်းရတဲ့ ရာဂ အစရှိသော မီးအလျှံတို့ဖြင့်။ ဥစ္စုကာယံ၊ မနေတတ် မထိုင်သာ အောင် ပြင်းစွာပူလောင်သော ကိုယ်ရှိသော။ မဟာဇနံ၊ များစွာ သောင်းသောင်း လူအပေါင်းကို။ အဋ္ဌမဂ္ဂင်္ဂဝါရိနာ၊ အူမ သို့ကပ် ပူသမျှဓာတ်တွေကို မူလက ပြတ်လောက်အောင် အေးတတ်တဲ့ ရေစင် ရှစ်ပါးသော မဂ္ဂင်ဖြင့်။ နိဗ္ဗာပေသိ၊ အေးငြိမ်းတော်မူစေပြီ။ တံဗုဒ္ဓံ၊ ရာဂမီးတို့ ထိန်ညီးလျှံပြောင် နေ့ရှိတိုင်းလောင်ကြတဲ့ များမြောင်လှစွာ သတ္တဝါတွေကို အမြတ်ဓမ္မာမဂ္ဂင်ရေဖြင့် အေးစေတော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊ သံသာဝဋ်ဘေး မကျွတ်သေး၍ လွတ်ရေးကိုမျှော် တပည့်တော်သည်။ ဝန္ဒာမိ၊ အရှင့်ကျေးဇူး ဂုဏ်ညွှန့်ဖူးတွေကို ရွှင်မြူးကြည်သာ ဝမ်းမြောက်

(ဆဋ္ဌမအကြိမ်)

စွာဖြင့် သေချာမြတ်နိုးလက်စုံမိုးလို့မို့ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။ ဧတေနသစ္စဝဇ္ဇေန၊ ဤသို့ထုတ်ပြန် ဟုတ်မှန်ဘိငြါး ဆိုလိုက်ရတဲ့ သစ္စာစကားကြောင့်။ မေ၊ အတန်တန်ဘေး အမြန်အေးဘို့ ကြံတွေးရည်ရော်တပည့်တော်အား။ ဇယမင်္ဂလံ၊ အောင်အကျိုးဝေပြောအောင်တန်ခိုးကေဇာနှင့်အောင်စေရာ အထပ်ထပ်သောင်ခေမာ ကပ်လောက်အောင် အောင်အပ်တဲ့ မင်္ဂလာသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ရာဂမီးတို့ ထိန်ညီးလောင်ရာ၊
မဂ္ဂင်ရေချမ်း ပက်ဖျန်းဆောင်ရှာ။
အရှင့်ဂုဏ်ထူး ရှင်မြူးဝန္ဒနာ၊
အောင်စေကြောင်း သုတောင်းအောင်စေပါ။

---

စတုရောဃေဟိ ဝုယှန္တေ၊
ဂမ္ဘီရေ သံသာရဏ္ဏဝေ။
ဥတ္တာရေသိ မဟာဝီရော၊
ဓမ္မနာဝါယ နာယကော။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

မဟာဝီရော၊ သူမတူနိုင်အောင် မပြိုင်နိုင်ဘိ ကြီးမြတ်သောဝီရိယ ရှိတော်မူသော။ နာယကော၊အကြီးအမှူး ဦးစီးထိပ်တင် ဘုရင်တဆူဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်။ ဂမ္ဘီရေ၊ လက်သစ်တောင်ထွာအဖြာဖြာတို့ဖြင့်နှိုင်းစာမရနက်စွာထသော။ သံသာရဏ္ဏဝေ၊ သံသရာတည်းဟူသော သမုဒ္ဒရာ၌။ စတုရော-
(ဆင့်မအကြွမ်)

ဃေဟိ၊ ကာမောဃနှင့် ဘဝဒိဋ္ဌာ အဝိဇ္ဇာတွင် လေးပါးသော ရေအလျင်တို့ဖြင့်။ ဝုယှန္တေ၊ မြုပ်တုံ-ပေါ်တုံ တမှုန်မွှားမွှား မျောပါး၍ နေကုန်သော သတ္တဝါတို့ကို။ ဓမ္မနာဝါယ၊ စီးချင်တိုင်းစီး လှော်ချင်တိုင်းလှော် ပျော်ချင်တိုင်းပျော် ပါးချင်တိုင်းပါး ကြွားချင်တိုင်းကြွားနိုင်တဲ့ တရားတည်းဟူသော သင်္ဘောလှေဖြင့်။ ဥတ္တာရေသိ၊ ကယ်တင် လက်လှမ်း တဘက်ကမ်းသို့ ထွက်မြန်းလွတ်မြောက်တော်မူစေပြီ။ တံဗုဒ္ဓံ၊ သံသရာနယ် သမုဒ်လယ်၌ မြုပ်ကွယ်မျောပါး သတ္တဝါအများတို့အား တရားတည်းဟူသော သင်္ဘောလှေဖြင့် ကယ်တင်တော်မူပေသော ထိုမြတ်စွာဘုရားကို။ အဟံ၊ သံသာဝဋ်ဘေး မကျွတ်သေး၍ လွတ်ရေးကိုမျှော် တပည့်တော်သည်။ ဝန္ဒာမိ၊ အရှင့်ကျေးဇူး ဂုဏ်ညွန့်ဖူးတွေကို ရှင်မြူးကြည်သာ ဝမ်းမြောက်စွာဖြင့် သဒ္ဓါမြတ်နိုး လက်စုံမိုးလို့ မို့ ရှိခိုးကန်တော့ပါ၏မြတ်စွာဘုရား။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ထုတ်ပြန်ဟုတ်မှန်ဘိငြားဆိုလိုက်ရတဲ့သစ္စာစကားကြောင့်။ မေ၊ အတန်တန်ဘေး အမြန်အေးဘို့ ကြံတွေးရည်ရော် တပည့်တော်အား။ ဇယမင်္ဂလံ၊ အောင်အကျိုးဝေဖြာ အောင်တန်ခိုးတေဇာနှင့် အောင်စေရာ အထပ်ထပ် သောင်ခေမာ ကပ်လောက်အောင် အောင်အပ်တဲ့ မင်္ဂလာသည်။ ဟောတု၊ စင်စစ်မသွေဖြစ်ပါစေသတည်း။

သံသရာရေကြော နစ်မျောနေတာ၊
တရားလှေကြီး တက်စီးစေရှာ။
အရှင့်ဂုဏ်ထူး ရှင်မြူးဝန္ဒနာ၊
အောင်စေကြောင်း ဆုတောင်းအောင်စေပါ။

(ဆဋ္ဌမအကြိမ်)

## (၃၂) သာယာဝတီ အောင်ခြင်းဘုရားရှိခိုး

သံသာရစာရကံ လောကံ၊
နိစ္စံ ဒုက္ခေန ပီဠိတံ။
နိဗ္ဗာနပုရံ ပါပေသိ၊
ယာနတ္တယေန သောဇိနော။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

သောဇိနော၊ သံသရာ ခရီးသွားတို့ကို ဓမ္မက္ခန္ဓာ နည်းအစားစားတို့ဖြင့် အပြီးမခြား ကယ်တင်တော်မူတတ်သော ထိုမြတ်စွာဘုရားသခင်သည်။ သံသာရစာရကံ၊ သံသရာတွင် ကျင်လည်၍နေသော။ ဒုက္ခေန၊ ပဋိသန္ဓေတည်နေပြီးခါ အို နာ သေရေး ဒုက္ခဘေးတို့ဖြင့်။ နိစ္စံ၊ ဤ ရုပ်နှင့်နာမ် နှစ်တန်ပေါင်းစပ် တည်သတ်သမျှ ကာလပတ်လုံး။ ပီဠိတံ၊ အမျိုးမျိုးကြံရှိသမျှ နည်းပေါင်းစုံတို့ဖြင့် အဖုံဖုံနှိပ်စက်အပ်သော။ လောကံ၊ နုံတုံတုံ-အ,တတ ဘေးမျိုးစုံစုကာ ခသော်လည်း အမှုဘာကမ,မသား ပြုရှာသမျှမှား၍ နေကုန်သော သတ္တဝါအပေါင်းတို့ကို။ ယာနတ္တယေန၊ အနိစ္စနှင့် ဒုက္ခအနတ္တာ သုံးပါးသော ယာဉ်ရထားဖြင့်။ နိဗ္ဗာနပုရံ၊ ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းစေရ အမဘာမည် နိဗ္ဗာန်ပြည်သို့။ ပါပေသိ၊ တပျော်တပါး ဖေါ်အများတို့နှင့် မော်ကြွားမသွေ ရောက်တော်မူစေပြီ။ တံဗုဒ္ဓံ၊ အို နာ သေရေး ဒုက္ခဘေးကို ကင်းဝေးစေရန် စိတ်ရည်သန်လျက် သုံးတန်သော ယာဉ်ရထားတို့ဖြင့် နိဗ္ဗာန်သို့ တင်ရှာပေသော ထိုမြတ်စွာဘုရားကို။ အဟံ၊ သံသာဝဋ်ဘေး မကျွတ်သေး၍ လွတ်ရေးကိုမျှော် တပည့်တော်သည်။ ဝန္ဒာမိ၊ အရှင့်ကျေးဇူး ဂုဏ်ညွန့်ဖူးတွေကို ရှင်မြူးကြည်သာ ဝမ်းမြောက်စွာဖြင့် သေချာမြတ်နိုး လက်စုံမိုးလို့မို့ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။ ဧတေနသစ္စဝဇ္ဇေန၊ ဤသို့ထုတ်ပြန်ဟုတ်မှန်ဘိခြင်း

(ဆဋ္ဌမအကြိမ်)

ဆိုလိုက်ရတဲ့ သစ္စာစကားကြောင့်။ မေ၊အတန်တန်ဘေးအမြန် အေးဘို့ ကြံတွေးရည်ရော် တပည့်တော်အား။ ဇယမင်္ဂလံ၊ အောင်အကျိုးဝေပြာ အောင်တန်ခိုးတေဇာနှင့် အောင်စေရာ အထပ်ထပ် သောင်ခေမာ ကပ်လောက်အောင် အောင်အပ်တဲ့ မင်္ဂလာသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

## ရှစ်လုံးဘွဲ့လင်္ကာ

ကိလေသာမျိုး သူခိုးဖြာဖြာ၊
နိုပ်စက်ဘေးမှ ကင်းဝေးရတာ။
အရှင့်ဂုဏ်ထူး ရှင်မြူးဝန္ဒနာ၊
အောင်စေကြောင်း ဆုတောင်း အောင်စေပါ။

**ကဏှမုခါဒိ သပ္ပေဟိ၊**
**ဥဋ္ဌကာယံ မဟာဇနံ။**
**နိဗ္ဗာပေသိ မဟာဝီရော၊**
**နာထော တိလောကဝေဇ္ဇကော။**
**ဧတေန သစ္စဝဇ္ဇေန၊**
**ဟောတု မေ ဇယမင်္ဂလံ။ ။**

မဟာဝီရော၊ မည်သူနှင့်မျှ မနှိုင်းစံနိုင် မယှဉ်နိုင်ဘိ အသု ကြီးမားစွမ်းပကာတော် ကြီးမားသောပညာ ရှိတော်မူထသော။ တိလောက ဝေဇ္ဇကော၊ လူ,နတ်,ဗြဟ္မာသုံးသတ္တဝါတို့၏ဘေးသဇ္ဇ မှူး သမားထူးသဘွယ် ဖြစ်တော်မူထသော။ နာထော၊ ရှင်တော် မြတ်ဘုရားသည်။ ကဏှမုခါဒိသပ္ပေဟိ၊ ကဏှမုခ စသည်သောမျိုး နဂါးမျိုးတို့သည်။ ဥဋ္ဌကာယံ၊ ကိုက်အပ်သော ကိုယ်ရှိသော။ မဟာဇနံ၊ များစွာသော သတ္တဝါ အပေါင်းကို။ နိဗ္ဗာပေသိ၊

 (ဆက်မအကြံ)

ငြိမ်းစေတော် မူလေပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ ထုတ်ပြန် ဟုတ်မှန်ဘိခြား ဆိုလိုက်ရသောသစ္စာစကားကြောင့်။မေ၊အတန် တန်ဘေးအမြန်အေးဘုံကြံ့တေ့းရည်ရော်တပည့်တော်အား။ဇယ မင်္ဂလံ၊ အောင်အကျိုးဝေပြော အောင်တန်ခိုးတေဇာနှင့် အောင် စေရာအထပ်ထပ် သောင်ခေမာ ကပ်လောက်အောင် အောင်အပ် တဲ့ မင်္ဂလာသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

မြေဆိုးအများ ကိုက်စားနေတာ၊
ဆေးသမားကြီး ငြိမ်းပြီးလေတာ။
အရှင့်ဂုဏ်ထူး ရှင်မြူးဝန္ဒနာ၊
အောင်စေကြောင်း ဆုတောင်း အောင်စေပါ။

---

သံသာရဒုက္ခကန္တာရာ၊
ကိလေသာ စောရပိဠိတာ။
ခေမန္တဘူမိံ တာရေသိ၊
သတ္တဝါဟော ဝိနာယကော။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။ ။

သတ္တဝါဟော၊ သတ္တဝါအပေါင် လှည်းယာဉ်မှူး သဘွယ် ဖြစ်တော်မူသော။ ဝိနာယကော၊ သတ္တဝါတွေသံသာရေမှ နိဗ္ဗာန် မြတ်သို့ပို့ဆောင်တော်မူတတ်သောမြတ်စွာဘုရားသည်၊ ကိလေသ စောရပိဠိတာ၊ ကိလေသာတည်းဟူသော ခိုးသူတို့သည် နှိပ်စက် အပ်သော သတ္တဝါအပေါင်းကို။ သံသာရဒုက္ခကန္တာရာ၊ သံသရာ ဝဋ်ဆင်းရဲတည်းဟူသော ခရီးခဲမှ။ ခေမန္တဘူမိံ၊ ဘေးမရှိရာ မြတ်နိဗ္ဗာန်သို့။တာရေသိ၊ပို့ဆောင်တုတ်ချောက် ကူးမြောက်စေ (ဆင္မမအကြိမ်)

တော်မူပြီ။ ဓေတနသစ္စဝဇ္ဇေန၊ ဤသို့ထုတ်ပြန် ဟုတ်မှန်ဘိငြား ဆိုလိုက်ရတဲ့ သစ္စာစကားကြောင့်။ မေ၊ အတန်တန်ဘေး အမြန် အေးဘို့ ကြံတွေးရည်ရော် တပည့်တော်အား။ ဇယမင်္ဂလံ၊ အောင် အကျိုးဝေဖြာ အောင်တန်ခိုးတေဇာနှင့် အောင်စေရာ အထပ် ထပ် သောင်ခေမာ ကင်လောကအောင် အောင်အပ်တဲ့ မင်္ဂလာ သည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ကိလေသာပူမီး ဘိစီးသတ္တဝါ၊
လှည်းယာဉ်မှူးကြီး ပို့ပြီးနိဗ္ဗာ။
အရှင့်ဂုဏ်ထူး ရှင်မြူးဝန္ဒနာ၊
အောင်စေကြောင်း ဆုတောင်းအောင်စေပါ။

— —

ပဥ္စတာလီသဝဿာနိ၊
ဌတွာ လောကံ သဒေဝကံ။
ပိဝယိတွာ ဓမ္မရသံ၊
နိဗ္ဗုတော သော သသာဝကော။
ဓေတန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

ဓယာ၊ ထိုဆိုအပ်ခဲ့ပြီးသော ကျေးဇူးတော်ဂုဏ်တော်အပေါင်း တို့နှင့် ကောင်းကောင်းကြီး ပြည့်စုံတော်မူသော မြတ်စွာဘုရား သခင်သည်၊ ပဥ္စတာလီသဝဿာနိ၊ လေးဆယ့်ငါးဝါတို့ကာလ ပတ်လုံး။ ဌတွာ၊ ပြည်အစိုးစိုး မြို့အနှံ့ရှာမြန်းကြကာဖြင့်မှာစည် ကြီး ရိုက်ခေါ်တီးကာ တည်နေပါ၍။ သဒေဝကံ လောကံ၊ သုံးဆယ့်တဘုံ ကမ္ဘာတ်မြေတွင် ကြုံလာရငြားနတ်နှင့် တကွသော လူအများကို။ ဓမ္မရသံ၊ အိုနာသေမှု ကင်းအောင်ပြုသည့်အတုလ

(ဆင့်မအကြိမ်)

ရသော သုဒ္ဓါဘုတ် မြတ်ဓမ္မာကို။ ပိဝယိတွာ၊ သိဘတ်သူ နတ်လူ အပေါင်းတို့အား သံသရာ ကြာမညောင်းရအောင် ကောင်းကောင်းကြီး သောက်စားတော်မူစေပြီး၍။ သသာဘကော၊ လက်ဝဲ,လကျာ ရှေ့ပါနောက်ရောသောသောဆူကြွယ် အသွယ်သွယ်သော တပည့်သား သာဝက အပေါင်းတို့နှင့် တကွ။ နိဗ္ဗုတော၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းပေသည့် အေးကိန်းကြီးမှန် ပြည်နိဗ္ဗာန်သို့ ဝင်စံခို့အောင်း ကြွပြောင်းတော်မူရှာလေပြီ။ တံဒွံ၊ လေးဆယ့်ငါးဝါ ရှည်မြင့်ကြာအောင် သတ္တဝါများ ညွှာသနားလျက် လေးပါးသောအပါယ်ခွင်မှ ကယ်တင် လွတ်မြောက်တော်မူစေသော ထိုမြတ်စွာဘုရားကို။ အဟံ၊ သံသရာဝဋ်ဘေးမကျွတ်သေး၍ လွတ်ရေးကိုမျှော် တပည့်တော်သည်။ ဝန္ဒာမိ၊ အရှင့်ကျေးဇူး ဂုဏ်ညွှန့်ဖူးဘွေ့ကို ရှင်မြူးကြည်သာ ဝမ်းမြောက်ပွာဖြင့်သေချာမြတ်နိုး လက်စုံမိုးလို့ ရှိခိုးကန်တော့ပါ၏မြတ်စွာဘုရား။ တေနသစ္စဝဇ္ဇေန၊ ဤသို့ဆုတ်ပြန် ဟုတ်မှန်ဘိငြား ဆိုလိုက်ရတဲ့သစ္စာစကားကြောင့်။ မေ၊ အဘန်ဘန်ဘေး အမြဲနှိုးအားဘို့ ကြံတွေးရည်ရော် တပည့်တော်အား။ ဇယမင်္ဂလံ၊ အောင်အကျိုးပေါ်ဖြာ အောင်ဘန်ခိုးတော်ဘာနှင့်အောင်စေရာအသင်သင် သောင်ခေမာကပ်လောက်အောင် အောင်အင်တဲ့မင်္ဂလာသည်။ ဘောဘု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

## ရှစ်လုံးဘွဲ့လင်္ကာ

ဝါလေးဆယ်ငါး တည်ငြားရှိသော၊  
နိဗ္ဗာန်တံခါး ဖွင့်သွားပေရှာ။  
အရှင့်ဂုဏ်တူး ရှင်မြူးဝန္ဒနာ၊  
အောင်စေကြောင်း ဆုတောင်း အောင်စေပါ။

(ဆင့်မအကြိမ်)

# လူနတ်တို့ချစ်သော ဂါထာ

ပိယော ဒေဝမနုဿာနံ၊ ပိယော ဗြဟ္မာ မုတ္တမံ။
ပိယော နာဂသုပဏ္ဏာနံ၊ ပိယိန္ဒြိယနမာမဟံ။
(၃-ခေါက်ဆို အထူးဂါထာ)

## မေတ္တာပို့

တပည့်တို့ဆရာ၊ ထေရ်မဟာ၊ ကြည်သာ ကြံတိုင်းအောင်ပါစေ။ဦးညွှတ်ချေခါ ဆရာတော်၊ ရာကျော်သက်တန်းရှည်ပါစေ။ ဇမ္ဗူ-မြေ၊ဝေနေ၊ ပိန်းကြာရေသို့ စင်ပါစေ။

သာယာဝတီ၊ မဟာထေရ်၊ သာကြည်ကိုယ်စိတ်၊ လန်းဖြာပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ။

ဒို့တိုင်း,ပြည်ရွာ၊ များသံဃာ၊ နှစ်ဖြာကိုယ်စိတ်၊ လန်းဖြာပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ။

ဤမြို့နေရှာ (သို့မဟုတ်) ဤရွာနေရှာ၊ များသံဃာ၊နှစ်ဖြာကိုယ်စိတ်၊ လန်းဖြာပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ။

ဤအိမ်နေရှာ လူများစွာ၊နှစ်ဖြာကိုယ်စိတ်၊ လန်းဖြာပါစေ၊ ကျန်းမာစေ၊ ချမ်းသာပါစေ။

ဤရွာနေရှာ (သို့မဟုတ်) ဤမြို့နေရှာ၊လူများစွာ၊ နှစ်ဖြာကိုယ်စိတ်၊ လန်းဖြာပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ။

ဤရွာနေရှာ(သို့မဟုတ်)ဤမြို့နေရှာ၊ များသတ္တာ၊ နှစ်ဖြာကိုယ်စိတ်၊ လန်းဖြာပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ။

ဒို့တိုင်း,ပြည်ရွာ၊လူများစွာ၊ နှစ်ဖြာကိုယ်စိတ်၊ လန်းဖြာပါစေ၊ ကျန်းမာစေ၊ ချမ်းသာပါစေ။

(ဆင္ဂမအကြိမ်)

ဒို့တိုင်းပြည်ရွာ၊ များသတ္တာ၊ နှစ်ဖြာကိုယ်စိတ်၊ လန်းဖြာပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ။

သာသနာစောင့်၊ အထောင့်များစွာ၊ နတ်တကာ ၁၊ နှစ်ဖြာကိုယ်စိတ်၊လန်းဖြာပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ။

လောကပါလာ၊ နတ်များစွာ၊ နှင်ဖြာကိုယ်စိတ်၊ လန်းဖြာပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ။

ကောင်းကင်ရေမြေ၊ ထွေထွေနေရာ၊ များသတ္တာ၊ နှစ်ဖြာကိုယ်စိတ်၊ လန်းဖြာပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ။

---

အမျှဝေ

ဤသို့ယခု ကျွန်ုပ်ပြုသော (အများဖြစ်စုသျှင် ကျွန်ုပ်တို့ပြုသော) ကုသိုလ်ကောင်းမှု အဘိုတို့ကို မိဘ ဘိုးဘွား ဆရာသမားတို့နှင့် တကွ သုံးဆယ့်တဘုံ ကျင်လည်ကုန်သော ဝေနေယျ သုခိတ ဒုက္ခိတ သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏။ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော။

> အနန္တဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။ အနန္တဂုဏတေဇေန မမကာယေ သဗ္ဗရောဂေါ၊ သဗ္ဗသောကော၊ သဗ္ဗအန္တရာယော၊ ခိပ္ပံ ဝိနဿန္တု၊ သဗ္ဗဝေရိယော။ သောဥတ္တိ၊ ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ။

အနက်

အဟံ၊ ကျွန်ုပ်သည်။ အနန္တဂုဏံ၊ အနန္တ ဂုဏ်တော်ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ အနန္တဂုဏတေဇေန၊ (ဆယ့်မအကြွင်း)

အနန္တငါးပါး၏ ဂုဏ်တော်တန်ခိုးကြောင့်။ မမ၊ အကျွန်ုပ်၏။ ကာယေ၊ ကိုယ်၌။ သဗ္ဗရောဂေါ၊ အလုံးစုံသော ရောဂါသည်။ သဗ္ဗသောကော၊အလုံးစုံသောစိုးရိမ်ခြင်းသည်။သဗ္ဗအန္တရာယော၊ အလုံးစုံသောအန္တရာယ်တို့သည်။ ခိပ္ပံ၊ လျင်မြန်စွာ။ ဝိနဿန္တု၊ ပျောက်ပျက် ပါစေကုန်သတည်း။ သော၊ ဤသည်သာလျှင်။ သဗ္ဗဝေရိယော၊ အလုံးစုံသောရန်သူတို့ကို။ ဥတ္တိ-ဉာပန်၊ သိစေခြင်းပေတည်း။ ⸢ စွ္တ၊ သွားပါလေ။ အမုမှိ ဩကာသေ၊ ဤမှ ·ဝေးကွာ တော်ရာအရပ်၌။ တိဋ္ဌာဟိ၊ တည်နေပါလော။

# ဂုဏ်တော်ကွန်ချာ

၁။ သောဘဂ္ဂဝါ က္လတိပိ အရဟံ၊
အရဟံဝတ သောဘဂ္ဂဝါ။
အရဟန္တံ သရဏံ ဂစ္ဆာမိ၊
အရဟန္တံ သိရသာ နမာမိ။
ပဌမော ဝဇိရ ပါကာရော၊
သောဘဂ္ဂဝါ က္လတိပိ အရဟံ။ ။

၂။ သောဘဂ္ဂဝါ က္လတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
သမ္မာသမ္ဗုဒ္ဓေါဝတ သောဘဂ္ဂဝါ
သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ။
ဒုတိယော ဝဇိရ ပါကာရော၊
သောဘဂ္ဂဝါ က္လတိပိ သမ္မာသမ္ဗုဒ္ဓေါ။ ။

(ဆဋ္ဌမအကြိမ်)

၃။ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော၊
ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သောဘဂဝါ။
ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ၊
ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ။
တတိယော ဝဇိရ ပါကာရော၊
သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။ ။

၄။ သောဘဂဝါဣတိပိ သုဂတော၊
သုဂတော ဝတ သောဘဂဝါ။
သုဂတံ သရဏံ ဂစ္ဆာမိ၊
သုဂတံ သိရသာ နမာမိ။
စတုတ္ထော ဝဇိရ ပါကာရော၊
သောဘဂဝါ ဣတိပိ သုဂတော။ ။

၅။ သောဘဂဝါ ဣတိပိ လောကဝိဒူ၊
လောကဝိဒူဝတ သောဘဂဝါ။
လောကဝိဒူ သရဏံ ဂစ္ဆာမိ။
လောကဝိဒူ သိရသာ နမာမိ။
ပဉ္စမော ဝဇိရ ပါကာရော၊
သောဘဂဝါ ဣတိပိ လောကဝိဒူ။ ။

၆။ သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ၊
အနုတ္တရော ပုရိသ ဒမ္မသာရထိ ဝတ သောဘဂဝါ။
အနုတ္တရံ ပုရိသဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ၊
အနုတ္တရံ ပုရိသ ဒမ္မသာရထိံ သိရသာ နမာမိ။
ဆဋ္ဌော ဝဇိရ ပါကာရော၊
သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ။

(ဆက်ရန်အကြိမ်)

၇။ သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ၊
သတ္ထာဒေဝ မနုဿာနံ ဝတ သောဘဂဝါ။
သတ္ထာရံ ဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ၊
သတ္ထာရံ ဒေဝမနုဿာနံ သိရသာ နမာမိ။
သတ္တမော ဝဇိရ ပါကာရော၊
သောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ။ ။

၈။ သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊
ဗုဒ္ဓေါ ဝတ သောဘဂဝါ။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဗုဒ္ဓံ သိရသာ နမာမိ။
အဋ္ဌမော ဝဇိရ ပါကာရော၊
သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ။ ။

၉။ သောဘဂဝါ ဣတိပိ ဘဂဝါ၊
ဘဂဝါ ဝတ သောဘဂဝါ။
ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊
ဘဂဝန္တံ သိရသာ နမာမိ။
နဝမော ဝဇိရ ပါကာရော၊
သောဘဂဝါ ဣတိပိ ဘဂဝါ။ ။

---

# အဓိဋ္ဌာန်ဆုတောင်း

ဤသို့ပြုရ ကုသလကြောင့် လူ့ဘမြတ်စွာ သာသနာသည်။ ရောင်ဝါနေသို့ လင်းစေသော်။

( ၊ သာဓု ၃ )

ဒါနံ ဒဒန္တု သဒ္ဓါယ၊
သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊
ဂစ္ဆန္တု ဒေဝတာ ဂတာ။

သဒ္ဓါယ၊တုန်လှုပ်ချောက်ချားလွှ့ပါးမရှိ ပကတိတည်ကြည် သုံးလီစေတနာ မြတ်နိုးစွာဖြင့်။ ဒါနံ၊ နည်းများမဟူ အလှူဒါန အဝဝကို။ဒဒန္တု၊အလေးတမူ အရေးယူ၍ပေးလှူကြကုန်လော့။ သီလံ၊ ငါးပါး, ရှစ်ပါး, ဆယ်ပါးစစ္စာ မြတ်သီလာကို။ သဗ္ဗဒါ၊ နေ့ရော,ညဉ့်ပါ အခါခပ်သိမ်း။ ရက္ခန္တု၊ စွမ်းအားရှိသလောက် ကျိုးမပေါက်ရအောင်စောင့်ရှောက်ဆောက်တည်ကြကုန်လော့။ ဘာဝနာဘိရတာ၊ နေ့စဉ် အားထား ပွားများရာ ဖြစ်သော ဘာဝနာ၌ အလွန်မွေ့လျော်ကြကုန်သည်။ ဟောန္တု၊ဖြစ်ကြစေကုန်သတည်း။ဣာဓ၊ပရိတ်မေတ္တာဘာဝနာဘရားအစားစားတို့ကို ပွားများအားထုတ်ရာဖြစ်သောဤအရပ်သို့။အာဂတာ၊ ရောက်လာကြကုန်သော။ ဒေဝတာ၊ နတ်မြတ်အပေါင်း နတ်ကောင်းဟူသမျှတို့သည်။ဂစ္ဆန္တု၊ မိမိတို့အလိုရှိရာ အသီးသီးသောဘုံဌာန ('ဆင့်မအကြိမ်)

သို့ ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာဖြင့် မှန်စွာမနေ ပြန်ပါစေလော့၊ ပြန်ကြစေကုန်သတည်း။

( သာဓု ၃ )

ဘေးအမျိုးမျိုးအတွက် အထူးဆောင်ရန်

မာရာဋ္ဌာဝက နာဠာဂိံ၊
အင်္ဂုလိံ စိဉ္စ သစ္စကံ။
နန္ဒောပနန္ဒ ဗြဟ္မဥ္စ၊
ဇေယတု ဟောတု တတောပရံ။
ဗုဒ္ဓေါ မေ ရက္ခတု နိစ္စံ၊
ဓမ္မော မေ ရက္ခတု သဒါ။
သံဃော မေ ရက္ခတု ဒိနေ၊
အာယုဒီဃော သုခံ ဘဝေ။

အနည်းဆုံး သုံးခေါက်ရွတ်၊ သွား စား အိပ် အကျိုးအနန္တ။

# တေးသီချင်း

## အမျိုးဆို

တပည့်တို့ဆရာ ထေရ်မဟာ၊
ကြည်သာကြံတိုင်း အောင်ပါစေ။
ဒို့တိုင်းမြန်မာ လူများစွာ၊
ကြည်သာကြံတိုင်း အောင်ပါစေ။
ဗုဒ္ဓမြတ်စွာ သာသနာ၊
ကြည်သာကြံတိုင်း အောင်ပါစေ။

(ဆပ္ပမအကြိမ်)

## (၄၄) သာယာဝတီ အောင်ခြင်းဘုရားရှိခိုး

### တယောက်ဆို

သာယာဝတီ မဟာထေရ်ဟု ဇာနည်နွယ်ဘွား အရှင်ဘုရား၏ ကြီးမားရှိန်စော် တန်ခိုးတော်သည် မိုးယံပေါ် မြေတွင်း ထက်အောက်ချင်းသား ဘက်ကင်းပြိုင်သူ ရှားဘိဟူရှင့် ကြည်ဖြူ မွေ့စွာ အေးမေတ္တာနှင့် အေးရာလမ်းကောင်း အေးစေကြောင်း ကို အပေါင်းသိသာ တိုင်းမြန်မာ့တွင် နှမညီသွင် စိတ်တော်ထင်၍ နှစ်စဉ် လတိုင်း ရက်မဆိုင်းဘဲ တွက်နိုင်းဘန္တု ပမာပြုကာ နည်းဖြာဖြာကို သိပါစေမှု တတ်စေမှုဖြင့် ဂရုစိုက်ကာ သင်ကြား ပါ၍ သာသနာ့ကျိုး ကိုယ်တော် ကျိုးကို သည်ပိုး၍သာ စေတနာနှင့် နေရှာသင်ရှား အရှင်ဘုရား။

( သာမု - ၃ )

ကြီးမားအဟုန် အရှင့်ဂုဏ်ကို အာရုံစူးစိုက် လွန်နှစ်ချိုက်၍ ကျင့်လိုက်နာယူ အပေါင်းလူတို့ ကျနသေချာ မှတ်သားရှာဘို့ နေရာရှေ့မှောက် ထံတော်အောက်ဘွင် လက်မြှောက် ရှင်ကြည် အဉ္ဇလီသ တင်ချီမ, ကာ လောကသံသာ နှစ်ဖြာ ဘေးဆိုး ဘေးအမျိုးတို့ မတိုးမငော့ မတွေ့စေရန် မေတ္တာ မှန်ဖြင့် ချွင်းချန်မထား မြတ်တရားကို ဟောကြားဘို့ရာ တောင်းပန် ပါသည် မင်္ဂလာရှိတဲ့ အခါကြီးပါဘုရား။

---

အပျိုးဆို

တပည့်တို့ဆရာ ထေရ်မဟာ၊
သာယာဝပြော တည်ပါစေ။
ဒို့တိုင်းမြန်မာလူများငှာ၊
သာယာဝပြော တည်ပါစေ။

(ဆဋ္ဌမအကြိမ်)

ဗုဒ္ဓမြတ်စွာ သာသနာ၊
သာယာဝပြော တည်ပါစေ။

---

**တယောက်ဆို**

**သာယာဝတီတိ ဝေါဟာရော၊**
**ပါကဋော မြမ္မာဇေဋ္ဌကော။**
**အတိကာမာ ဒုက္ခာမှာကံ၊**
**ဒေသေတု ဓမ္မဩဝါဒံ။**

သာယာဝတီတိ ဝေါဟာရော၊ သာယာဝတီ တနာမည်နှင့် ဇာနည် ဖိုးမောက် တန်ခိုးတောက်ခါ မိုဃ်းအောက် မြေပြင် ဘက်တက်စင့်အောင် ပြိုင်ယှဉ်ဘက်ကင်း ကျော်ဇောခြင်းနှင့် ပျံ့သင်းပါသည် သာယာဝတီ မဟာထေရ်ဟု နာမည် ပညတ် သမုတ်အပ်သော။ သာယာဝတီတိ ဝေါဟာရော၊ တိုင်းပြည် မြို့ရွာ အဖြာဖြာတို့ သာယာဝပြော တည်စေသောဟု သဘော အဟုတ် ဝိဂ္ဂိုဟ်လုပ်လောက်တဲ့ ဗျုပ္ပတ္တိညီ ဖြစ်ပေသည်ကြောင့် သာယာဝတီ မဟာထေရ်ဟု နာမည်ပညတ် သမုတ်အပ်သော။ ပါကဋော၊ ဘဝအထူးထူးက ဆည်းပူးခဲ့တဲ့ ပါရမီဉာဏ် အမြင် တော် ထက်သန်သဖြင့် အင်မတန် ကျော်စော ထင်ရှားစွာ ထသော။ မြမ္မာဇေဋ္ဌကော၊ မျိုးမြန်မာ ဟူသမျှတို့၏ ညိုးဇာတာ မှုမလှသည်ကို ကိုးစရာအတူရအောင်လို့ စစ-သွန်သင် နေ့ရှိတိုင်း ပြုပြင်ကြသဖြင့် ပုံတလွှင်မှိုး မြန်မာတိုင်းပြည် မြန်မာလူမျိုး

(ဆပ္ပမအကြိမ်)

တို့၏ဦးစီး မောင်ကြီး- အကိုကြီးသဘွယ် ဖြစ်တော်မူသော အရှင်ဘုရား။ အယျော၊ မေတ္တာတရားအလွန်ကြီးမား၍ အများအတွက် မတရားတာတွေကိုဖျက်မယ်လို့ အားတက်သရော ပြောဟောဆုံးမ နည်းလမ်းပြလျက် ရှိပါသော အရှင်ဘုရားသည်။ အမှာကာ၊ ဒုက္ခ မျိုးအဖုံဖုံ နေ့ရှိတိုင်းကြုံရသဖြင့် အူတုန်သွေးပျက် မေးမစက်နိုင် အောင် ငေးလျက်မှိုင်ကာ နေရပါသော တပည့်တော်တို့၏။ ဒုက္ခာ၊လောကသံသာ နှစ်ဖြာစုန်းစုန်း ရှုံးကြီးရှုံးဘို့ နှလုံးမသာ များစွာညှဉ်းဆဲ အဆင်းရဲတို့မှ။ အတိကာမာ၊ လွတ်ရာ-လွတ် ကြောင်း နည်းကောင်းနိသျ အဝဝတို့ကို မုချမှန်စွာ အလွန် အလို ရှိကြပါကုန်သည် ဖြစ်၍။ ဓမ္မသြဝါဒံ၊ နေ့ထိုင်သွားလာ စားအစာမှ စ၍မကျန် အတန်တန်သော အဆုံးအမ တရား တော်ကို။ ဒေသေတု၊ ဟောကြားဆုံးမတော်မူပါဘုရား။ဒေသေ တု၊ ညီ့နှမ ပမာ တပည့်တကာ, တကာမ အများတို့၏ ကြည်ဆွ သဒ္ဓါအဘိယာစကထားပါသဖြင့် ထေရ်သမဏမဟာ ကဝိဆရာ က သနားပြီးတော့ ပိယဝါစာ သိစရာအပြတရားတို့ကို ဟော ကြား ဆုံးမတော်မူပါ့ ကျေးဇူးတော်ရှင် အရှင်မြတ်ဘုရား....။

---

# နိုးဆော်စာ

လောကီကိစ္စ အဝဝတို့ကို ခေတ္တမျှရပ်နား၍ နိဗ္ဗာန်တံခါး ဖွင့်ရန် အချိန်တန်ပါပြီ သပ္ပုရိသအပေါင်း သူတော်ကောင်းတို့။

အောင်ခြင်း မင်္ဂလာ အောင်ခင်းသာဘို့ အောင်ရာစခန်း ဆောင်ရာလမ်းကို အဆန်းတကြယ် နည်းသွယ်သွယ်ဖြင့် ဖွယ် (ဆင့္မအကြမ်)

ဖွယ်ရာရာ အဖြာဖြာကို ကြင်နာသနား မေတ္တာထား၍ ဟော ကြားခဲ့အင် အောင်လမ်းမြင်တို့ အရှင်ထွဋ်ထား မြတ်ဘုရား၏ ကြီးမားရှစာ ကရုဏာကို ပြုရာ နေ့ည မမေ့ကြဘဲ စွဲကြီး စွဲ၍ လိုက်လှဲဝမ်းသာ ကြည်ညိုစွာဖြင့် သံသာလောက နှစ်ဌာနတွင် စစမကျန် အောင်မြင်ရန်နှင့် အောင်သံ, အောင်သွေး အောင် စိတ်မွေးလျက်အောင်ရေးကိုမျှော် အောင်ချင်သော်မူ အောင် ဘော်အများ အောင်ရငြားမို့ အောင်အားကိုစိုက် အောင်စေ ခိုက်တွင် အောင်ထိုက်သမျှ အဝဝကို မုချမသွေ အောင်ကြစေ ဘို့ အောင်ရေကိုဖျန်း အောင်စေပန်းနှင့် အောင်လမ်းဝေဖြာ ဒေသနာကို သေချာမမှား ကျင့်လိုက်စားဘို့ အများဝေနေ လှူဗိုလ်ခြေသည် ဣန္ဒြေရရ ရှိစေသော်....။

---

# အောင်ခြင်းခွန်စကြာအဖွဲ့ဝင်များ

## လိုက်နာရန်စည်းကမ်းချက်

၁။ ညစဉ် ဘုရားရှိခိုး ငါးပါးသီလဆောက်တည် မေတ္တာ ဘာဝနာများ ပွားများပြီးမှ အိပ်ရမည်။
အနည်းဆုံး ငါးပါးသော သီလကို (၃-လ) အမြဲ ဆောက်တည်နိုင်စေရမည်။

၂။ မိမိတို့အား အုပ်ထိန်းသော လူကြီး မိဘ ဆရာ သမားတို့ အား ပြန်လှန်၍ အော်ခြင်း၊ ငေါက်ခြင်း၊ ဆောင့်အောင့် ငြူစူခြင်း ပြစ်မှားမှုတို့ကို မပြုရ။

(ဆင့်မအကြိမ်)

၃။ အောင်ခြင်း ဓမ္မစကြာ အဖွဲ့သူ အဖွဲ့သားချင်း ညီရင်းအစ်ကို မောင်ရင်းနှမ ညီအမ အရင်းကဲ့သို့ အထူးခင်မင်ရင်းနှီးစွာ စောင့်ရှောက်ကူညီ အားပေးကြရမည်။

၄။ ဝိပဿနာအလုပ်ကို စွမ်းအားရှိသမျှ အားထုတ်ရမည်။

အထက်စည်းကမ်းချက် ၄-ချက်ကို ရိုသေလေးစားစွာ မိမိတို့စိတ်က နှစ်သက်သာယာလျက် လိုက်နာနိုင်သော တပည့်ဒါယကာ ဒါယိကာမတို့သာ အောင်ခြင်း ဝိပဿနာအဖွဲ့-ဖွဲ့စည်း၍ အောင်ခြင်း ဓမ္မစကြာ စာအုပ်ကို ကျက်မှတ် ဆောင်ရွက်ကြပါလေ။

# ဆုတောင်း

မမကတံ ဤပုညံ နိဗ္ဗာန်ရွှေမြို့ ရောက်စေသော်။
နိဗ္ဗာန်မရသေးသမျှ စကြံတိုင်း အောင်စေသော်။
ဘေးရန်များစွာယူမိစ္ဆာ ငါသာနိုင်၍ အောင်စေသော်။
အသိစစ်-အသိမှန်သို့ ရောက်အောင် ဆောင်ရွက် သ
ကြား တတ်မြောက်ကြ၍ အောင်မြင် ချမ်းသာကြ ါ
စေသော်။

(ပုံ) ဦးညေယျ—သာယာဝတီ

## အောင်ခြင်းကြီးကြီး

★

(ဆဋ္ဌမအကြိမ်)

# အောင်ခြင်းဓမ္မကြားတပည့်များ

## (အထူးသတိ)

### စေတနာကံသုံးမျိုး

ဇိတ္တာ၊ မှာ....ပသဋ္ဌာကာရ စေတနာ။
ဝန္ဒာမိ၊ မှာ....ဝန္ဒနာကာရ စေတနာ။
ဘဝတု၊ မှာ....ပတ္ထနာကာရ စေတနာ။
ချီးမွမ်းအံ့သြတဲ့စိတ်။
ရှိခိုးကန်တော့တဲ့စိတ်။
ဆုတောင်းတဲ့စိတ်။
ကိုယ်ကဖြစ်....ကာယကံ။
နှုတ်ကဖြစ် ... ဝစီကံ။
စိတ်ကဖြစ်....မနောကံ။

### ကုသိုလ်ခြောက်မျိုး

၁။ သာသနာ့ နုဂ္ဂဟ ကုသိုလ်။
၂။ သာသနာ့ ပါလ ကုသိုလ်။
၃။ သာသနာ့ ဝေပုလ္လ ကုသိုလ်။
၄။ သဟာပုညကာရီ ကုသိုလ်။
၅။ သံဂါယနာတင် ကုသိုလ်။
၆။ သမထ, ဘာဝနာ ကုသိုလ်။

## အဓိပ္ပါယ်

၁။ သာသနာ့ဘော်ကို ချီးမြှောက်တဲ့ ကုသိုလ်။
၂။ သာသနာ့ဘော်ကို စောင့်ရှောက်တဲ့ ကုသိုလ်။



(ဆင်္ဃမအကြိမ်)

၃။ သာသနာတော်ကိုစည်ပင်ပြန့်ပွါးအောင်ပြုတဲ့ကုသိုလ်။
၄။ အတုတူကောင်းမှုပြုတဲ့ ကုသိုလ်။
၅။ ပေါင်းစုရွတ်ဘတ်တဲ့ ကုသိုလ်။
၆။ ကိလေသာ ငြိမ်းအေးအောင်ပြုတဲ့ ကုသိုလ်။
အဖွဲ့ဝင် တပည့်များ အမြဲရသော ကုသိုလ်။

---

## အသူးသတိ

### သင့်ကိုယ်သင် တွေးသင့်စစ်ဆေး

ငါသည် လူနေရာကို ရောက်နေပြီ။
ငါသည် လူမျိုးထဲမှာ ဖြစ်နေပြီ။
ငါသည် သာသနာတော်နှင့် တွေ့နေပြီ။
သာသနာနဲ့ ငါနဲ့သာဆိုင်သည်။
အဲဒီလိုလဲ တွေးသင့်သည်၊ မေးသင့်သည်။
မဆိုင်ရင်တော့ အသာနေ၊ ဆိုင်ရင်တော့လာလေ။
သာသနာ ဘာသာမှုကို ပြုကြပါစို့ ဒို့တတွေ။

## နတ်ဘိတ်ခေါ်

သမန္တာ စက္က ဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။
ဓမ္မဿဝဏကာလော အယံ ဘဒ္ဒန္တာ။

သမန္တာ၊ အရှေ့၊ အနောက်၊ တောင်နှင့်မြောက်ပါ ထက်အောက် ဝဲ၊ ယာ ရပ်ဒိသာမှ။ စက္က-ဝါဠေသု၊ ယူဇနာပေါင်း တသောင်းမျက်နှာ စကြဝဠာတို့၌။ ဝသန္တာ၊ ကိုယ်တို့ပြုကြ
(ဆင့်မအကြိမ်)

ကုသလဟုန် အဖုံဖုံဖြင့် ပြည့်စုံရှိသာ နေကြ ရှာကုန်သော။ ဒေဝတာ၊ ဗုဒ္ဓဝါဒီ ကျင့်ဝသီကို မြင့်ရှည်လေးစားအရေးထား သည့် နတ်များအပေါင်း နတ်ကောင်းဟူသမျှတို့သည်။ အတြ၊ ဒါန, သီလ, ဘာဝနာဟု သုံးဖြာမှုကို ပြုလုပ်တတ်စွာ ဤရပ်သာ သို့။ အာဂန္တုက၊ စိတ်ထားသာယာ ဘိတ်ကြားပါရှိ များတကာ ကြားရာအရပ်ဆီက တရားမမှာကို အသားပါပါနဲ့ မှတ်ရအောင် လာလတ်ကြပါကုန်လော။

(သာဓု-၃)

မုနိရာဇာသျှ၊ အာဂါ,နာဂါ, သေက္ခာ, သေက္ခ,ပစ္စေက ဟု ငါးဖြာစုသည့် မုနိသခင် အရှင်ဖြစ်တော်မူသော မြတ်စွာဘုရား ၏။ သဂ္ဂမောက္ခဒ်၊ နတ်ရွာအစ နိဗ္ဗာန်ကျအောင် နှစ်ဝအကျိုး ပြည့်ဖြိုးပေအပ် ပေးစေတတ်သော။ သဒ္ဓမ္မံ၊ အရိယာနွယ်ဝင် သူတော်စင်တို့ ကြည်လင်ပွားများ အားထားကျင့်ကြံရာဖြစ်တဲ့ တရားတော်ကို။ သုဏန္တု၊ သဒ္ဓါသောမနသ် သဘောမြတ်ဖြင့် ဇောကပ်များစွာ နာကြားလှည့်ကြပါကုန်လော။

(သာဓု-၃)

ဘဒ္ဒန္တာ၊ ဗုဒ္ဓရှေ့ဗျာ ဒေသနာကို သေချာပေးကူ အလေး [redacted] ရေးယူတတ်ငြား အို......နတ်များတို့။ အယံကာလော၊ [redacted]ရော စိတ်ပါ နှစ်ဖြာကြည်လင် ရှင်ရှင်ပျပျ ဤအခါကာလ ကြီးသည်ကား။ ဓမ္မသဝဏကာလော၊ များအပေါ် သဟာယ တွေနဲ့ မှားမချော် သဒ္ဓါပြုကြစို့ရဲ့ အသွားနှော် တခါလှတဲ့ အောင် တရားတော် နာအံ့သောအခါပေတည်း။

---

(ဆဋ္ဌမအကြိမ်)

# ခန္ဓစကြာပါဠိ–အနက်

★

ဘိက္ခုနံ ပဉ္စဝဂ္ဂိနံ၊ ဣသိပတနနာမကေ၊
မိဂဒါယေ ဓမ္မဝရံ၊ ယန္တံ နိဗ္ဗာနပါပကံ။
သဟံပတိနာမကေန၊ မဟာဗြဟ္မုန ယာစိတော။
စတုသစ္စံ ပကာသန္တော၊ လောကနာထော အဒေသယိ။

စတုသစ္စံ၊ ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂဖြစ်ရာ လေးသစ္စာကို။ ပကာသန္တော၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားဂုဏ်သင်ကြားပြသော။ လောကနာထော၊ လူသုံးပါးတို့၏ ကိုးစားရာအစစ် တကယ်ဘန်းဖြစ်တော်မူတဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်၊ သဟံပတိနာမကေန၊ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအမိုက်အကန်း တို့၏ စရိုက်အကြွင်းပျောက် အမြိုက်နန်းရောက်တဲ့အောင် လမ်းပေါက်သွင်ပြင် ဆောင် ခြင် ဉာဏ် ရှိအမှန်သိတတ်တဲ့ သဟံပတိ အမည် ရှိသော။ မဟာဗြဟ္မုန၊ သာသနာ ဘာသာမှုတို့ကို အခါခါ စာနာ ရှုပြီးတော့ အားပြုရှာမိုး ဗြဟ္မာကြီးသည်။ ယာစိတော၊ သုံးဘုံဝေနေ များဗိုလ်ခြေကို ကယ်စေဆန္ဒ ကြီးမားလှ၍ ဓမ္မရေအေး အမြိုက်ဆေးကို တိုက်ကျွေးလောင်းရန် အကြောင်းပြန်ခါ တောင်းပန်ရှာသည်ဖြစ်၍။ ပဉ္စဝဂ္ဂိနံ၊ လောကချမ်းသာ အဖြာဖြာကို ပယ်ခွါစွန့်ပစ် နိဗ္ဗာန်ကိုချစ်၍ စင်စစ်အားထား ပွားများသမှု ငါးပါးအစုံဖြစ်ကုန်သော။ ဘိက္ခုနံ၊ ကာမဘီလူး ရာဂရှူးကို အဆူးစက်ဆုတ် ဖက်မသုပ်ငြား ရဟန်းတော်တို့အား။ ဣသိပတန

(ဆဋ္ဌမအကြိမ်)

နာမကော၊ အရိယာနွယ်ဝင် ယူမြော်မြင်၍ သူတော်စင်ဓလေ့ ရှင်ရသေ့တို့၏ ပြုကတော့ကောင်းကင်မှ သက်ရာ့တက်ရာ ချက်အချာဌာန ကူသိုလ်တန အမည်ရှိသော။ မိဂဒါဝေ၊ သားမျိုးအပေါင်း လွှတ်လပ်ကြောင်းဖြင့် ပျော်အောင်းခိုမှီး တောအုပ်ကြီး၌။ နိဗ္ဗာနပါကံ၊ ငြိမ်းအေးစေတတ် နိဗ္ဗာန်ရပ်သို့ ဆတ်ဆတ်ရောက်အောင် ပို့ဆောင်တော်မူတတ်သော။ ဓမ္မဝရံ၊ ပကတူးအစအဦးပြုသဖြင့် အထူးတကာ့ထိပ်သီး တရားထူး၊ တရားမြတ်ကြီးလည်း ဖြစ်တော်မူပေထသော။ ယံဓမ္မစက္ကံ၊ ဘယ်လူ့ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်သတ္တဝါ တစုံတယောက်မျှ ထွန်းထွန်း ပေါက်ပေါက် မှန်မှန်ကန်ကန် ဟန်ဟန်ပန်ပန် တိတိကျကျ ဟောပြော၍ မပြုနိုင်တဲ့ အကြင်ဓမ္မစကြာ ဒေသနာတော်ကြီးကို။ အဒေသယ်၊ လောကနှဲ့သံသရာ မှန်မကွာအပြောမမှားရအောင် အမတံဓမ္မ သဘောအသွားတို့ကို ဟောကြားနှုန်းပြ၍ ဆုံးမတော်မူလေသတည်း။

(သာဓု-၃)

နန္ဒိတံ သဗ္ဗဒေဝေဟိ၊ သဗ္ဗသမ္ပတ္တိသာဓကံ။
သဗ္ဗလောက ဟိတတ္ထာယ၊ ဓမ္မစက္ကံ ဘဏာမဟေ။

သဗ္ဗဒေဝေဟိ၊ သမုတိ ဥပပါတ် ဝိသုဒ်နတ်မှ မပြတ်ကြုံးခြုံ နတ်အလုံးစုံတို့သည်။ နန္ဒိတံ၊ မပစ်ရက် မခွါလို သဒ္ဓါပို အရစ်တက်လို့မို့ အနှစ်သက်ကြီး နှစ်သက်ပေထသော။ သဗ္ဗသမ္ပတ္တိသာဓကံ၊ လုံးစုံအကျိုးအမျိုးမျိုးကို ဖွံ့ဖြိုးပိုင်ပိုင် ပြီးစေနိုင်သော။ တံဓမ္မစက္ကံ၊ သံသရာဓာတ် ခန္ဓာပြတ်၍ အေးရပ်ပျော်မှီးထိုဓမ္မစကြာသုတ်တရားတော်ကြီးကို။ သဗ္ဗလောကဟိတတ္ထာယ၊ ဤမြို့ ဤရွာ ဤအိမ်ရာကစ၍ ပြောပြလို့မဆုံး တလောက လုံး၏

(ဆက်မအကြိမ်)

အကျိုးစီးပွား များပြားစိမ့်သောငှာ။ ဟော၊ တရားဘူ ပျော် ယူ မချော်သည့် အဖေါ်အပေါင်း အို သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ဆိုကြရအောင် ရွတ်ဆိုကြပါကုန်စို့ ရဲ့ ဘဏာမ၊ စေဘနာသဒ္ဒါခါတ်ဘိုကို သေအချာ တခါမှတ်ရ အောင် အခြေပါပါ မကွာကာပ်လို့မို့ ရွတ်ဘတ် သရဇ္ဈာယ် ကြရာတော့သတည်း။

(သာဓု-၃)

ဧဝံ မေ သုတံ ဧကံ သမယံ၊ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပဘနေ မိဂဒါယေ၊ တတြခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ။

ဘန္တေကဿပ၊ မုဘင်တရား ဆယ့်သုံးပါးကို မခြားနှေ့ည ဆောင်ရွက်လှုသည့် အို....အရှင် ကဿပ။ မေမယာ၊ ညီတော် မှန်ကွာ အာနန္ဒာဟု သညာမှည့်ခေါ် တပည့်တော်သည်။ ဣဒံ သုတ္တံ၊ မျှစကြာ အမည်သာ၍ ညီညာထုတ်ပြန် ဤသုတ္တန်ကို။ သမ္မုခါ၊ ဘုရားမျက်မှောက်စက်တော်အောက်မှ။ ဧဝံ၊ အရှင် မေ သမျှကိုဖြင့် တမင်မတွေးရပါဘု ယခင်ရှေးက နဂိုရ်ဟော သလို။ သုတံ၊ ကြားလိုက်ရပါတော့သည် အရှင်ဘုရား။ သုဘံ၊ တရားအမိုက် မှားစရိုက်တွေကိုဖြင့် အများမလိုက်ကြနဲ့တဲ့ ကြား လိုက်ရပါတော့သည်ဘုရား။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌၊ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံလတ်ငြား မြတ်ဘုရားသည်။ ဗာရာဏသိယံ၊ ဘုရားအလောင်း မြောက် ဥက္ကောင်းကို အကြောင်းပြုတည် ဗာရာဏသီ မြို့တော်ပြည်၏။ ဣသိပတနေ၊ ရသေ့တက်သက်ချက်နှစ်ချက်ကြောင့် ဆက်လက်

(ဆဋ္ဌမအကြိမ်)

တိကျ ကလျာသိပတန အမည်ရှိသော" မိဂဒါဝေ၊မိဂဒါဝုန် အစဉ် သာတော သမင်ပေါ်တဲ့ တောရကုံ၌။ ဝိဟာရတိ၊ အဦးပါရမီငါးဦး ရဟန်းတို့ကိုအထူးစာဂီတရားအထူးကမ်းမယ်လို့ ကြွမြန်းရှင်းပြုံ သီတင်းသုံးတော်မူ၏။

တတြခေါ၊ မိဂဒါဝုန် တောရကုံဝယ် ခိုလှုံရှင်ပြုံး သီတင်း သုံးရာ ထိုအခါ၌။ ဘဂဝါ၊ သုံးလူ့ထွဋ်တင် ဘုရားရှင်သည်၊ ပဉ္စဝဂ္ဂိယေ၊ တရားအထူး မကြားဘူး၍ နားမနူးမူ ငါဦးတစု ဖြစ်ကြကုန်သော။ဘိက္ခူ၊အသေအချာဓမ္မရှာလည်း နေရာမကျ ဇဝေဇဝါ ဘဝသို့ ရောက်၍နေကြကုန်သော ရဟန်းတို့ကို။ အာမန္တေသိ၊ အမှန့်မမှန် နှစ်တန် တရားတို့ကို အပြန်အလှန် ချန်မထားဘော့ဘဲမိန့်ကြားဟောမြွက်တော်မူလေသတည်း။

(သာဓု-၃)

# အလယ်တရားနှစ်ပါး

ဒွေ မေ ဘိက္ခဝေ အန္တာပဗ္ဗဇိတေန န သေဝိတဗ္ဗာ။ ကတမေ ဒွေ ယော စာယံ ကာမေသု ကာမသုခလ္လိကာ နုယောဂေါ၊ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော ယော စာယံ အတ္တကိလ မထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိ တော။

ဘိက္ခဝေ၊ အသက်,အိုး, အိမ် စည်းစိမ်ကိုပစ် စိတ်ကြုံအလို မိဋ္ဌာန်ပို၍ နိဗ္ဗာန်ကိုချစ်ကြတဲ့ အို....ရဟန်းအပေါင်းတို့။ ပဗ္ဗဇိ တေန၊ လျှော်တေဆင်မြန်း ဝတ် သင်္ကန်းနှင့် ရဟန်းဖြစ်သော

(ဆင္ဍမအကြွခံ)

သူသည်။ ဒွေ၊ နှစ်ပါးကုန်သော။ က္ကမေအန္တာ၊ သံသရာ ဝဲ ဇလုတ်တွင် မှန်မကွာ အမြဲမြုပ်စေမည့် ဤအလွဲအယုတ်တရားတို့ကို။ နသေဝိတဗ္ဗာ၊ တည်ဒ္ဓမြဲ မှတ်ကြပေတော့ မမှီဝဲအပ်, မမှီဝဲထိုက်ကုန်။ ကတမေဒွေ၊ ဘယ်လိုအစား ဘယ်လိုအားဖြင့် ဘယ်နှစ်ပါးတို့ ပါနည်းဟူမူကား။ ဟီနော၊ ယုတ်သော။ ဂါမ္မော၊ မြို့ရွာနေသူ ပေယ်သိမ်းလူတို့၏ ဥစ္စာဖြစ်သော။ ပေါထုဇ္ဇနိကော၊ ပုထုဇဉ် အကာဏ်း, အအ,တို့၏ မှန်းရှုံဆမျှော်တမ်းတမွေ့လျော်သော အလေ့အကျင့်ဖြစ်သော။ အနရိယော၊ အရိယာနွယ်ဝင် သူတော်စင်တို့ တွင်တွင်စက်ဆုပ် အဖက်လုပ်ရော ဥစ္စာ မဟုတ်သော။ အနတ္ထသံဟိတော၊ လောကသံသာ နှစ်ပြာကြီးမား အသီးအခြားဖြင့် စီးပွါးချမ်းသာခြင်းနှင့် မစပ်သော။ ကာမေသု၊ ကာမဂုဏ်မှု အာရုံစုသည့် ဝတ္ထုကာမ ဟူသမ်တို့၌။ ကာမသုခလ္လိကာနုယောဂေါ၊ နှင်ကိုယ်မူလ လိုတူကြင့်ကာမကိလေ အငြိမ့်ပွေကို ထွေထွေမိုက်မှား လို[illegible]သွားခြင်း ဟုဆိုအပ်သော။ ယောစာယံ- ယောစ အယံ[illegible]၊ အမြင်သားယခု အဇ္ဈဉ်မှား သမူတွေ့ အထင်အငှာ ပြု၍ နေကြတဲ့ အကြင် တရားရေသည်ရှင်း။ ဒုက္ခော၊မျက်[illegible] ချမ်းသာတာ ဘယ်တနေ့မှာမှ တကယ်မတွေ့ရကဲ အာ[illegible]င်ကို ဆောင်သော။ အနရိယော၊ အရိယာမျိုး မဟုတ်ခိုး[illegible] အဆိုးစိတ်မှု ဒိဋ္ဌိကိုယ်ပိုင် ပုထုဇဉ်တို့နှင့် ဆိုင်သည့်ဥစ္စာဖြစ်သော အနတ္ထသံဟိတော၊ တကယ်အပြီးအားဖြင့် ဘယ်စီးပွားနှင့်မှမစပ်သော။ အတ္တကိလမထာနုယောဂေါ၊ ကိုယ့်ဒုက္ခ ကိုယ်ရှာ ကြီးကျယ်စွာဝန်ကိုထမ်းသည့်သို့ ပင်ပန်းခြင်းကို ထင်ထင်ခါခါ ဖြစ်စေတတ်သော။ ယောစာယံ- ယောအေယံအန္တော၊ အမြင်သား

(ဆင့်မအကြိခ်)

ယခု အစဉ်မှားသမှုတွေ အထင်အရှား ပြ၍နေကြတဲ့ အကြောင်းတရားစုသည်ရင်း။ ဒွေအန္တာ၊ တကယ်အရေးထားကြ ပေတော့ဟို—အပါယ်လေးပါးသို့ မဖယ်ပြေးသွားဘို့ရာ အဟုတ်အားပြုနေတဲ့ အယုတ်တရားနှစ်ခုတို့ မြည်တော့သည်သာတည်း။

(သာခု-၃)

ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ၊ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ၊ တထာဂတေန အဘိသမ္ဗုဒ္ဓါ၊ စက္ခုကရဏီ၊ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဘိက္ခဝေ၊ သံသရာခရီး တောမြိုင်ကြီးမှ အပြီးထွက်ရန် ကြီးလျက်ဉာဏ်နှင့် ဆက်ဆံမှန်းထား ရဟန်းများတို့။ ဧတေ ဥဘောအန္တေ၊ ဖွင့်ဆိုထုတ်ပြ ထိုနှစ်ပါးသော အယုတ်ဓမ္မတို့ကို။ အနုပဂမ္မ၊ မတရားဇာတ်အမှားခတ်တွေကို အနားမကပ်မူ၍။ တထာဂတေန၊ သင်တို့ဆရာ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍ သိတော်မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးတန် တရားမှန်ကို ကောန်မြင်သိ ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားဝေဘန် ကောန်သိခြင်းကို ပြုတတ်သော။ မဇ္ဈိမာ၊ သဿတ, ဥစ္ဆေ နှစ်ထွေဒိဋ္ဌိ မရှိကြဉ်ဖယ် အလယ်ဥ်ဖြစ်သော။ ပဋိပဒါ၊ ဝဋ်ကိုကြောက်၍ လွတ်ပေါက်ကိုမျှော် ရှေးနောင်တော်တို့ သင့်လျော်တင့်အပ် အကျင့်မြတ်သည်။ ဥပသမာယ၊ ကိလေသာငြိမ်း တဏှာသိမ်း၍ အေးကိန်းမှန်စွာ သ,ဥပါဒိသေသ နိဗ္ဗာန်၏အကျိုးငှါ။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ သမ္ဗောဓာယ၊ ကောင်းစွာ

(ဆင့်အကြိမ်)

သိခြင်းငှါ။ နိဗ္ဗာနာယ၊ ခန္ဓာအကြွင်း မရှိသောအနုပါဒိသေသ နိဗ္ဗာန်၏ အကျိုးငှါ။ သံဝတ္တတိ၊ ကောင်းစွာမသေ့ ဖြစ်ပေါ်၍ လာလေသတည်း။

(သာခု-၃)

ကတမာစ သာ ဘိက္ခဝေ၊ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ။ စက္ခုကရဏီ ဉာဏကရဏီ၊ ဥပသမာယ၊ အဘိညာယ၊ သမ္ဗောဓာယ၊ နိဗ္ဗာနာယ၊ သံဝတ္တတိ။

ဘိက္ခဝေ၊ စိတ်အကြံရှိ မိဌာန်ပြည့်လို့ နိဗ္ဗာန်၏အရသာကို ခဏမကွာ အမှန်အားဖြင့် စံစားလိုဘိ အို...တပည့်တို့။ တထာဂတေန၊ သင်တို့အားသား ငါဘုရားသည်။အဘိသမ္ဗုဒ္ဓါ၊ပညတ်နယ် လွန်မြောက် ပရမတ်နယ် ရောက်လို့မို့ မဖေါက်မပြန် အမှန်ထိုးထွင်း၍ သိမြင်တော်မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးတန် တရားမှန်ကို ကေန်မြင်သိ ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားဝေဘန် ကေန်သိခြင်းကို ပြုတတ်သော။ ယာမဇ္ဈိမာ ပဋိပဒါ၊ သဿတ, ဥစ္ဆေ နှစ်ထွေဒိဋ္ဌိ မငြိုစင်ကြယ် အကြောင် အလယ်,အလတ် ဖြစ်သော အကျင့်သည်။ ဥပသမာယ၊ ကိလေသာငြိမ်း တဏှာသိမ်း၍ အေးကိန်းမှန်စွာသော,ဥပါဒိသေသ နိဗ္ဗာန်၏ အကျိုးငှါ။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ သမ္ဗောဓာယ၊ ကောင်းစွာသိခြင်း ငှါ။ နိဗ္ဗာနာယ၊ ခန္ဓာအကြွင်း မရှိသော အနုပါဒိသေသ နိဗ္ဗာန်၏အကျိုးငှါ။ သံဝတ္တတိ၊ ကောင်းစွာမသေ့ ဖြစ်ပေါ်၍ လာလေသတည်း။

(ဆဋ္ဌမအကြိမ်)

**အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာ အာဇီဝေါ၊ သမ္မာ ဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ။**

သာမဏ္ဍေမာ ပဋိပဒါ၊ မလျော့မတင်း အကြောင်းရင်းကို ကောင်းခြင်းတင့်တယ် ထိုအလယ်-အလတ်ဖြစ်တဲ့ အကျင့်မြတ်သည်။ ကတမာစ၊ ဘယ်လိုသိကြွား သတိထားဘို့ အဘယ်တရားတို့ ပါနည်း ဟူမူကား။ အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ဝ ပြည့်စုံလှသော အယမေဝ မဂ္ဂေါ၊ ဤသို့ထင်ရှား ထက်တခွင်ကို ထွက်ဝင်လို့ သွားနိုင်တဲ့ မဂ္ဂင်တရားပါပေတည်း။ ဣဒံမဂ္ဂံ၊ စက်ယာဉ်အလား အထက် တခွင်ကို ထွက်-ဝင်လို့ သွားနိုင်တဲ့ ဤမဂ္ဂင်တရားသည်။ (မဂ္ဂင်တရားဆိုတာ) သေယျထာ ကတမံ၊ ဘယ်လိုအစား ဘယ်လိုအားဖြင့် အဘယ် တရားပါနည်းဟူမူကား။ သမ္မာဒိဋ္ဌိ။ ကောင်းစွာမြင်ခြင်းတပါး။ သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာ ကြံစည်ခြင်း တပါး။ သမ္မာဝါစာ၊ ကောင်းစွာ ပြောဆိုခြင်းတပါး။ သမ္မာကမ္မန္တော၊ ကောင်းစွာ အမှု ပြုလုပ်ခြင်းတပါး။ သမ္မာအာဇီဝေါ၊ ကောင်းစွာ အသက်မွေးခြင်းတပါး။ သမ္မာဝါယာမော၊ ကောင်းစွာအားထုတ်ခြင်းတပါး။ သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်းတပါး။ သမ္မာသမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်းတပါး။ ဣဒံမမ္မဘာတံ၊ ဤသို့ဖြစ်ပြန် စနစ်မှန်ဖြင့် ရှစ်တန်ဟောကြား သဘောတရားသည်။ မဂ္ဂင်၊ စိတ်ကြံမပျက် မိဌ္ဌာန်ချက်နှင့် နိဗ္ဗာန်ထက်သို့ မပျက်ဝင်သည့် မဂ္ဂင်တရားတို့ပါပေတည်း။

(သာခု-၃)

(ဆပ္ပမအကြိမ်)

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ၊ တထာဂတေန အဘိသမ္ဗုဒ္ဓါ။ စက္ခုကရဏီ၊ ဉာဏကရဏီ၊ ဥပသမာယ၊ အဘိညာယ၊ သမ္ဗောဓာယ၊ နိဗ္ဗာနာယ၊ သံဝတ္တတိ။

ဘိက္ခဝေ၊ ငါ့ကိုတန့်ရော် အခန့်တော်ဘို ငံ့မျှော်ရှင်လန်း ရှင်ရဟန်းတို့၊ တထာဂတေန၊ သင်တို့တိုးပွား အကျိုးများဘို့ အမှားအမှန် တရားဉာဏ်ကို ကေန်လိုလား ငါ ဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ပညတ်နယ်လွန်မြောက် ပရမတ်နယ်ရောက်လိမ့်မို့ မဖေါက်မပြန် အမှန် ထိုးထွင်း၍ သိမြင်တော် မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးတန် တရားမှန်ကို ကေန်မြင်သိ ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားဝေဘန် ကေန်သိခြင်းကို ပြုတတ်သော။ အယံ ခေါ သာ မဇ္ဈိမာပဋိပဒါ၊ သဿတ, ဥစ္ဆေ နှစ်ထွေ ဒိဋ္ဌိ မရှိငြင်ကြယ် အကြင် အလယ်,အလတ်ဖြစ်တဲ့ ဤ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားသည်။ ဥပသမာယ၊ ကိလေသာငြိမ်း တဏှာ သိမ်း၍ ကေိန်းမှန်စွာ သဥပါဒိသေသ နိဗ္ဗာန်၏ အကျိုးငှာ။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ ကောင်းစွာသိခြင်းငှာ။ နိဗ္ဗာနာယ၊ ခန္ဓာ အကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာန်၏အကျိုးငှါ။ သံဝတ္တတိ၊ ကောင်းစွာ မသွေ ဖြစ်ပေါ်၍လာလေသတည်း။

(သာဓု-၃)

---

(ဆက်ရန်)

# ဒုက္ခသစ္စာ

ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ နလဗ္ဘတိ တမ္ပိဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

(ကြာဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊)

ဘိက္ခဝေ၊ ငါ့ကို ကိုးစား အကျိုးများဘို့ သိုး,ဘွား, မိ,ဘ, အရိယနှင့် ခနအိမ်ရာ စွန့်ပစ်ခွာ၍ တောမှာပျော်မြန်းဖော်ရဟန်းဘို့။ သုဏောဟိ၊ ရှေ့နောက်ဆင်ခြင် ဟုတ်တိုင်းမြင်ဘို့ အစဉ်ပြု ထား ငါ့စကားကိုထောင်နားစိုက်ခါနာလိုက်ပါလော့။ ဇာတိပိ၊ အမိဝမ်းခေါင်း ဘယ်လခညောင်းအောင် ကိုန်းအောင်းသန္ဓေ တည်နေရခြင်းသည်။ ဒုက္ခာ၊ ချမ်းသာစရာ ဘယ်အခါမှရှာမရတဲ့ ပင္ပမဆင်းရဲအစစ် အမှန်ကြီး ဖြစ်ပါပေ၏။ ဇရာပိ၊ ဆံဖြူ,နားထိုင်း ခါးကိုင်း,သွားကြွေ,သားရေတွန့်တိုအရွယ်အိုရခြင်းသည်လည်း။ ဒုက္ခာ၊ စိတ်သွားလို့ကိုယ်မပါ လိုရာတော့ အကုန်မပြီးတော့သဖြင့် အပုံကြီးဆင်းရဲတဲ့ တရားအစစ်အမှန်ကြီး ဖြစ်ပါပေ၏။ ဗျာဓိပိ၊ ကိုးဆယ့်ခြောက်ပြာ ဝေဒနာတို့ ကိုယ်မှာရောက်ငြိ ဖြစ်သောဘိ သော် မချိထန်ပြင်း ဖိပြန့်ခြင်းကြောင့် မယ်မင်းကယ်ပါ၊မောင် မင်းကယ်ပါနှင့် ဘယ်ညာပြောင်းပြန် ဦးစောက်လှန်မျှ ဖျားနာ ရခြင်းသည်လည်း။ ဒုက္ခော၊ ကိုယ်တွေ့တွေ့အဖုံဖုံ နေ့ရှိတိုင်းကြုံရ လို့ အပုံကြီးဆင်းရဲရတဲ့ တရား အစစ်အမှန်ကြီး ဖြစ်ပါပေ၏။ မရဏမ္ပိ၊ ပိုင်နက်ဇာတိ ကျုံးလွှန်မိ၍ မချိကွေ့ကွင်း သေရခြင်း သည်လည်း။ ဒုက္ခံ၊ သေသူ,နေသူ အခြေတူ၍ ဖြေပူမဆုံးငိုသံတော့

(ဆက်မှအကြိမ်)

အရှိန်နဲ့ဖုံးတော့သဖြင့် တအိမ်လုံးဆင်းရဲရတဲ့ တရားအစစ်ကြီး ဖြစ်ပါပေ၏။ အပ္ပိယေဟိ၊ ချစ်ခင်နှစ်သက် စုံမက်ကင်းကွာ သတ္တဝါသင်္ခါရတို့နှင့်။ သမ္ပယောဂေါ၊ အတူယှဉ်နွဲ့ အစဉ်တွဲ၍ အမြဲပေါင်းသင်း နေထိုင်ရခြင်းသည်လည်း။ ဒုက္ခော၊ မတွေ့လို မမြင်လို မျက်နှာတော် အစဉ်ညိုပြီး ရင်တဖိုဖိုဖြစ်၍ နေရတဲ့ ဆင်းရဲအစစ်ကြီး ဖြစ်ပါပေ၏။ ပိယေဟိ၊ ချစ်ခင်စုံမက် နှစ်သက် အပ်စွာ သတ္တဝါ သင်္ခါရတို့နှင့်။ ဝိပ္ပယောဂေါ၊ မြင်ချင်ရက်သား မမြင်ကြွား, တွေ့ချင်ရက်သားမတွေ့ကြွားဘဲ ရွေ့လျားကွေကွင်း မပေါင်းသင်းဘဲ နေရခြင်းသည်လည်း။ ဒုက္ခော၊ နေမထိ ထိုင် မသာ ပြိုင်စရာ တူနှုန်းမပြနိုင်အောင် ယူကြုံးမရဖြစ်ရတဲ့ ဆင်းရဲ အစစ်ကြီးဖြစ်ပါပေ၏။ ယမ္ပိစ္ဆံ၊ လိုအင်ဆန္ဒ ကြံသမျှ ဥဿုံ အလုံးစုံကို။ နလဗ္ဘတိ၊ မရ။ တမ္ပိ၊ ထိုသို့တောင်းတ လိုတိုင်းမရ ခြင်းသည်လည်း၊ ဒုက္ခံ၊ ဘဝင်ဆူရင်ပူလို့ မအေးနိုင်ဘဲအဆွေးကြီး ဆွေးရတဲ့ ဆင်းရဲအစစ်ကြီးဖြစ်ပါပေ၏။ သံခိတ္တေန၊ အပိုမသုံး အတိုချုံး၍တလုံးထဲကျဉ်းကျဉ်းပြောရသော်။ ပဉ္စုပါဒါနက္ခန္ဓာ ပိ၊ အမြဲတန်းအားဖြင့် အလွဲလမ်း သွားရပေသည့် အစွဲအလမ်း တရား ခန္ဓာငါးပါး အစုတို့သည်လည်း။ ဒုက္ခာ၊ မျက်စိလည် လမ်းမှားလို့ မဂ်၏နယ် စခန်းမသွားနိုင်ဘဲ ရမ်းကားစွာအတင်း စွဲတော့သဖြင့် အဆင်းရဲကြီး ဆင်းရဲကုန်၏။ ဣဒံခေါပန မမှ ဇာတံ၊ ဤဇာတိအစရှိသောတရားသည်။ ဒုက္ခံ၊ ဆင်းရဲ အစစ် အမှန်ဖြစ်သော။ အရိယသစ္စံ၊ ပုထုဇဉ်ဗာလ လူ့အန္ဓတို့ ဘာမှု မမြင် အရိယာနယ် သူတော်စင်တို့၏ နေ့စဉ့်နေ့စဉ် မမေ့အင် သတိချပ်လို့မို့ တွေ့မြင်သိအပ်တဲ့ သစ္စာတရားပါပေတည်း။

(သာဓု-၃)

(ဆဋ္ဌမအကြိမ်)

# သမုဒယသစ္စာ

ဤဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ သမုဒယံ အရိယသစ္စံ၊
ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂ သဟဂတာ၊
တတြတတြာ ဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ၊ဘဝ
တဏှာ၊ ဝိဘဝတဏှာ။

ဘိက္ခဝေ၊ အဝိဇ္ဇာနှင့် တဏှာသူခိုး မမှဆိုးတို့ကို ခွါချိုးသတ်ရန် မှုပြုတ်ကြံ၍ မြတ်ဉာဏ်ကိုမှီး တောအုပ်ကြီးတွင် ကိုယ်တည်းပျော်မြန်း ဖော်ရဟန်းတို့။ ယာယံတဏှာ၊ အစဉ် သဘောအရအမြင်ပြောကြစို့ရဲ့ အကြောင် လောဘဆိုတဲ့ တဏှာသည်။ ပေါနောဗ္ဘဝိကာ၊ထောက်အခံမမှုအစစ်ပေမို့ နောက်တဖန်ဘဝသစ်ကို ဖြစ်စေတတ်သောအလေ့ရှိ၏။နန္ဒိရာဂသဟာဂတာ၊ မခွဲရက်မခွာလို တဏှာပို အဆစ်ဘက်တော့ကာဖြင့် နှစ်သက်တပ်မက်ခြင်းကို ဖြစ်စေ၏။ တတြတတြာ၊ ဝတ္ထုအာရုံ နှစ်ဖြာဆုံတွေ့ ထိုထိုကာမဂုဏ်အလေ့၌။အဘိနန္ဒိနီ၊မီးကုန် ယမ်းကုန်အကြမ်းရုံလျက်အစွမ်းကုန် အဆစ်တက်ပြီးတော့ အနှစ်သက်ကြီး နှစ်သစ်လေ၏။ ဣဒံ သောတဏှာ၊ကြောက်ခမန်းလိလိ ထောက်လှမ်း၍သာကြည့်ကြပေတော့ တစောက်ကဏ်း ငတိတို့၏ အောက်လမ်းမှာကြည့်နေတဲ့ ဤတဏှာသည်။သေယျထာကတမာ၊ဘယ်လိုအစားဘယ်လိုအားဖြင့် ဘယ်တရားပါ နည်းဟူမူကား။ ကာမတဏှာဝတ္ထုအာရုံကာမဂုဏ်ကိုခုံမင်တပ်မက် နှစ်သက်ခြင်းကာမတဏှာရင်း။ ဘဝတဏှာ၊ သဿတဒိဋ္ဌိနှင့် တကွဖြစ်သော ဘဝတဏှာရင်း။ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော ဝိဘဝတဏှာရင်း။ ဣဒံ ခေါပန ဓမ္မဇာတံ၊ ဤသုံးပါးသော တဏှာ သဘော

(ဆင့်မအကြိမ်)

တရားသည်။ ဒုက္ခသမုဒယံ၊ နေထိုင်သွားလာ စားအစာတွင် များစွာညှဉ်းဆဲ အခင်းလွဲ၍ ဆင်းရဲခြင်း၏အကြောင်းဖြစ်သော အရိယသစ္စံ၊ ပုထုဇဉ်ဗာလ လူ့အနုတို့ ဘာမျှမမြင် အရိယာနွယ်ဝင် သူတော်စင်တို့၏ နေ့စဉ်-နေ့စဉ် မဒမ့အင် သတိချပ်လို့မို့ တွေ့မြင်သိအပ်တဲ့ သစ္စာတရားပါပေတည်း။

(သာခု-၃)

---

# နိရောဓသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော၊ စာဂေါ၊ ပဋိနိဿဂ္ဂေါ၊ မုတ္တိအနာလယော။

ဘိက္ခဝေ၊ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းကို အေးကိန်းကိုဆောင် ဝေးတိမ်းရှောင်လျက် တော့ဘောင်ပျော်မြန်း ဖော်ရဟန်းတို့၊ တဿာယေဝတဏှာယ၊ ယာခုတင်ကရှုမြင်ကြဘို့စုဘင်လို့ပြသို တဲ့ ထိုသုံးဝသော တဏှာ၏သာသျှင်။ ယော အသေသဝိရာဂ နိရောဓော၊ အကြွင်းအကျန်းမဲ့ တပ်ခြင်းကင်းရာ-ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယောစာဂေါ၊ ကြွင်းစွန့်လွှတ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယောပဋိနိဿဂ္ဂေါ၊ အကြင်ဝေးစွာ စွန့်ရာဖြစ်သော နိဗ္ဗာန်သည်။ ယာမုတ္တိ၊ တဏှာဝဋ်မှ တာ လွှတ်ရာဖြစ်သော အကြင် နိဗ္ဗာန်သည်။ ယောအနာလယော၊ တွယ်တာကပ်ငြိ မရှိရှင်းရှင်း တကယ်တင်းဘဲ့ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ စင်စစ်မသွေ ရှိပါ

(ဆဋ္ဌမအကြိမ်)

ပေ၏။ဣဒံခေါ ပနဓမ္မဇာတံ၊ဒုက္ခချုပ်သိမ်း ကင်းငြိမ်း၍သွား ဤနိဗ္ဗာန်ဟူသော တရားသည်၊ဒုက္ခနိရောဓံ၊ဆင်းရဲဟူ၍မှုအငွေ့ မျှမတွေ့ရဘဲအမြဲတန်းချုပ်ငြိမ်းရာဖြစ်သော။ အရိယသစ္စံ၊ပုထုဇဉ်အန္ဓ လူ့ဗာလတို့ ဘာမျှမမြင် အရိယာနွယ်ဝင် သူတော်စင်တို့၏ နေ့စဉ်-နေ့စဉ် မမေ့အောင် သတိချုပ်လို့မို့ တွေ့မြင်သိအပ်တဲ့ သစ္စာတရားပါပေတည်း။

(သာဓု-၃)

# မဂ္ဂသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ။

ဘိက္ခဝေ၊ အို့နာ့သေရေး ဒုက္ခဘေးကို ထောက်တွေးဆမြင် ကြောက်လှအင့်ကြောင့် ထက်ခွင်ခရီးမဂ်ယာဉ်စီးဘို့ အပြီးမြော်မှန်း ဖော်ရဟန်းတို့။ အရိယော၊ အမှားမကပ် အမျှားမှတ်ကြတော့ တရားအမြတ်ဖြစ်သော။အယမေဝမဂ္ဂေါ၊ဓိဋ္ဌာန်ခါမမှားတန်းပေပေါ့-စိတ်ကြံကာ အမျှားမှန်းကြသဖြင့် နိဗ္ဗာန်ရွာ သွားလမ်းဖြစ်တဲ့ ဤတရားသည်သာလျှင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှဲပြည့်စုံပါပေ၏။ ဣဒံမဂ္ဂင်၊ရှစ်ပါးအင်္ဂါပြည့်စုံပါငြားဤမဂ္ဂင်ဆိုတဲ့တရားသည်။ သေယျထာကဘမံ၊ ဘယ်လိုပွားများဘယ်လိုအားဖြင့် ဘယ်တရားပါနည်းဟူမူကား။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာ

မြင်ခြင်း။ သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်း။ သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း။ သမ္မာကမ္မန္တော၊ ကောင်းစွာပြုခြင်း။ သမ္မာအာဇီဝေါ၊ ကောင်းစွာ အသက်မွေးခြင်း။ သမ္မာဝါယာမော၊ ကောင်းစွာအားထုတ်ခြင်း။ သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း။ ဣဒံခေါ ပန ဓမ္မဇာတံ၊ ဤမဂ္ဂင်ရှစ်ပါးမြတ်တရားသည်သာလျှင်။ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ဆင်းရဲဆိုတာဘယ်လိုဟာဟု ခါတလေမျှ ရှာမရဘဲ အမြဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းအကျင့်မြတ်ဖြစ်သော။ အရိယသစ္စံ၊ ပုထုဇဉ်ဗာလ လူ့အန္ဓတို့ဘာမျှမမြင် အရိယာနွယ်ဝင်သူတော်စင်တို့၏ နေ့စဉ်-နေ့စဉ်မမေ့အင်သင်ချုပ်လိုမို့ တွေ့မြင်သိအပ်တဲ့ သစ္စာတရားပါပေတည်း။

(သာခု-၃)

---

# သစ္စ ကိစ္စ ကတ ဉာဏ်သုံးပါး

ဣဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ၊ ပဉ္စဝဂ္ဂီနှင့် တကွသောမူလ သူအစဟု ယူဆရိပ်မိဘိတ်မှသိ စိတ်ရှိရာရဟန်းဖော်ရဟန်းတို့။ ဣဒံ၊ တကာယ်ထား ဤဆင်းရဲသက်ပါရတရားသည်။ ဒုက္ခံ၊ ဆင်းရဲခြင်းဖြစ်သော အရိယသစ္စံ၊ အရိယသစ္စာမည်၏။ ဣတိ၊ ဤသို့။ (ဆင္ဍမအကြိမ်)

မေမယာ၊ သင်တို့ဆရာ ဘုရားငါသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်ခင် အရင်တုန်းက။ အနနုဿုတေသု၊ ကြားမှ မကြားဘူးကုန်သော။ ဓမ္မေသု၊ အမှန်တရားတို့၌။ စက္ခုံ၊ ဆင်းရဲအစစ်ကိုမြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍ လာခလေ၏။ ဉာဏံ၊ ဆင်းရဲအစစ်ကိုမြင်ခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍ လာခလေ၏။ ပညာ၊ ဓာတ်တို့ ဒုက္ခစသည်တို့ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်၍လာခလေ၏။ ဝိဇ္ဇာ၊ ဆင်းရဲအစစ်ကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ် ပေါ်၍လာခလေ၏။ အာလောကော၊ အမှောင်ကိုခွင်း တကယ် သိတတ်တဲ့ အရောင်အလင်းသည်။ ဥဒပါဒိ၊ အစဉ်မှား မြင် အကြားဖြင့် ထင်ရှားမသွေ ဖြစ်ပေါ်၍ လာခလေသတည်း။

(သာဝိုဉ-)

## ဤကား ဒုက္ခသစ္စာ၌ သစ္စဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ၊ သံသရာဝဋ်ဘေး ကြောက်လှတ်အေးဘို့ ငံ့တွေး မြော်စား အဖော်များတို့။ တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ထို ဆင်းရဲဖြစ်သော အရိယသစ္စာကို။ ပရိညေယျံ၊ ဤကရားကား ဆင်းရဲတည်း။ ဤဆင်းရဲကား ဤမျှသာတည်း။ ဤထက် အပို အလိုမရှိဟု ထက်ဝန်းကျင်မှ ပိုင်းခြား၍သိအပ်၏။ ဣတိ၊ သို့ဤ။

(ဆဋ္ဌမအကြိမ်)

မေမယာ၊ သင်တို့ဆရာ ဘုရားငါသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်ခင် အရင်တုန်းက။ အနနုဿုတေသု၊ ကြားမှ မကြားဘူးကုန်သော။ ဓမ္မေသု၊ အမှန်တရားတို့၌။ စက္ခုံ၊ ဆင်းရဲအစစ်ကို မြင်တတ်သော ပညာမျက်စိသည်" ဥဒပါဒိ၊အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားဖြစ်ပေါ်၍ လာလေသတည်း။

(သာခု-၃)

ဤကား ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

---

တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလော ကော ဥဒပါဒိ။

ဘိက္ခဝေ၊ မအို့ မနှာ မသေရာကို ရှာမြော်မှန်း ဖော်ရဟန်းတို့။ တံခေါ ပနိဒံဒုက္ခံ အရိယသစ္စံ၊ထိုဆင်းရဲဖြစ်သော အရိယသစ္စာကို။ ပရိညာတံ၊ ဤဘုရားကား ဆင်းရဲတည်း။ ဤဆင်းရဲကား ဤမျှသာတည်း၊ ဤ့ထက် အပို - အလိုမရှိဟု ထက်ဝန်းကျင်မှ ပိုင်းခြား၍သိအပ်ပြီ။ ဣတိ၊ဤသို့။ မေမယာ၊ သင်တို့ဆရာ ဘုရားငါသည်။ပုဗ္ဗေ၊ ဘုရားမဖြစ်ခင်အရင်တုန်းက။ အနနုဿုတေသု၊ ကြားမှ မကြားဘူးကုန်သော။ ဓမ္မေသု၊ အမှန်တရားတို့၌။ စက္ခုံ၊ ဆင်းရဲအစစ်ကိုမြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားမသေ့ ဖြစ်ပေါ်၍လာလေသတည်း။

(သာခု-၃)

ဤကား ဒုက္ခသစ္စာ၌ ကတဉာဏ်

(ဆငှမအကြမ်)

ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ၊ ငါ့ကိုသာလိုက်သော ဆက်အသွယ်ကြောင့် ရှက်ဖွယ် သွဲ့ဆိတ်ဆဲ အဆင်းရဲကို အမြဲလွတ်အောင် ကျိုတောတောင် ကရှောင်ကာမြော်မှန်း ပေါ်ရဟန်းတို့။ ဣဒံ၊ ဤတရားဟူသော လောဘသည်။ ဒုက္ခ သမုဒယံ၊ ဆင်းရဲခြင်း၏ အကြောင်း ဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာ မည်၏။ ဣတိ၊ ဤသို့ မေမယာ၊ သင်တို့ဆရာ ဘုရားငါသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်ခင် အရင်တုန်းက။ အနနုဿုတေသု၊ ကြားမှ မကြားဘူးကုန်သော၊ ဓမ္မေသု၊ အမှန်တရားတို့၌။ စက္ခုံ၊ သမုဒယသစ္စာကိုမြင်တတ်သော ပညာ မျက်စိသည်။ ဥဒပါဒိ၊ ဖြစ်ပေါ်၍ လာလေ၏။ ဉာဏံ၊ သမုဒယသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ဖြစ်ပေါ်၍လာလေ၏။ ပညာ၊ တရားကိုယ်အားဖြင့် တပါးသာ အခြင်းအရာအားဖြင့် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ– ဟု သုံးပါး၊ ထိုမှပွား၍ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မတဏှာအားဖြင့်တဆယ့်ရှစ်ပါး၊ ထိုမှပွား၍ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ သဏ္ဌာန်အားဖြင့် သုံးဆယ့်ခြောက်ပါး၊ ထိုမှပွါး၍ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါး အားဖြင့် တရာ့ရှစ်ပါး ရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ဖြစ်ပေါ်၍လာလေ၏။ ဝိဇ္ဇာ၊ ထိုးထွင်း၍ သိခြင်းသည်၊ ဥဒပါဒိ၊ ဖြစ်ပေါ်၍လာလေ၏။ အာလောကော၊ အမှောင်ကိုခွင်း

(ဆဋ္ဌမအကြိမ်)

တကယ်သိတတ်တဲ့ အရောင်အလင်းသည်။ ဥဒပါဒိ၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားမသေ့ ဖြစ်ပေါ်၍ လာလေသတည်း၊

(သာခု-၃)

ဤကား သမုဒယသစ္စာ၌ သစ္စဉာဏ်

တံခေါပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ၊ ကျော်ခေလာသာ ကွာသျှောကျော့ သောဘရပျော် မြန်းပေါ်ရဟန်းတို့။ တံခေါပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော သမုဒယသစ္စာကို။ ပဟာတဗ္ဗံ၊ ဒိဋ္ဌိဂတ်မှုယုတ်ကို သောတာပတ္တိမဂ်ဖြင့်, ကာမရာဂကို အနာဂါမိမဂ်ဖြင့်, ရူပရာဂ-အရူပရာဂကို အရဟတ္တမဂ်ဖြင့် ပယ်အပ်၏။ ဣတိ၊ ဤသို့။ မေမယာ၊ သင်တို့ဆရာ ဘုရားငါသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်ခင် အခင်တုန်းက။ အနနုဿုတေသု၊ ကြားမှ, မကြားဘူးကုန်သော။ ဓမ္မေသု၊ အမှန်တရားတို့၌။ စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားမသေ့ ဖြစ်ပေါ်၍ လာလေသတည်း။

(သာခု-၃)

ဤကား သမုဒယသစ္စာ၌ ကိစ္စဉာဏ်

(ဆင့်မအကြိမ်)

တံခေါ ပနိဒံ ဒုက္ခ သမုဒယံ အရိယသစ္စံ ပဟီနန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ၊ ဆိတ်ငြိမ်သဘော နိဗ္ဗိန်နှော၍ တောမှာပျော် မြန်းဖေါ်ရဟန်းတို့။ တံခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယ သစ္စံ၊ ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အရိယသစ္စာကို။ ပဟီနံ၊ မဂ်လေးပါးဖြင့် အကြွင်းမရှိပယ်အပ်ပြီး ကတိ၊ ဤသို့။ မေ မယာ၊ သင်တို့ဆရာဘုရားငါသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်ခင် အရင်တုန်းက။ အနနုဿုတေသု၊ ကြားမှု မကြားဘူးကုန်သော။ ဓမ္မေသု၊ အမှန်တရားတို့၌။ စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သော ပညာ မျက်စိသည်။ ဥဒပါဒိ၊ အစဉ်မမှား မြင်အကြားဖြင့်ထင်ရှားမသွ ဖြစ်ပေါ်၍လာလေသတည်း။

(သာခု-၃)

ဤကား သမုဒယသစ္စာ၌ ကတဉာဏ်

ကတံ ဒုက္ခနိရောဓံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ၊ စိတ်ကြံသမှု ဓိဋ္ဌာန်ပြု၍ နိဗ္ဗာန်ဆုတောင်း ရဟန်းကောင်းတို့။ ကတံ၊ သင်တို့ရည်ထား နိဗ္ဗာန်ဆိုတဲ့ ဤတရားသည်။ ဒုက္ခနိရောဓံ၊ ဆင်းရဲ၏ ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယ

သစ္စာမည်၏။ ဣတိ၊ ဤသို့။ မေမယာ၊ သင်တို့ဆရာ ဘုရားငါသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်ခင် အရင်တုန်းက။ အနနုဿုတေသု၊ ကြားမှ မကြားဘူးကုန်သော။ဓမ္မေသု၊ အမှန်တရားတို့၌။စက္ခု၊ နိရောဓသစ္စာကို မြင်တတ်သော ပညာ မျက်စိသည်။ ဥဒပါဒိ၊ ဖြစ်ပေါ်၍လာလေ၏။ ဉာဏံ၊ နိရောဓသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ဖြစ်ပေါ်၍လာလေ၏။ ပညာ၊ တရားကိုယ်အားဖြင့်တပါး၊သဥပါဒိသေသ,အနုပါဒိသေသအားဖြင့်နှစ်ပါး၊သုညတ အနိမိတ္တ,အပ္ပဏိဟိတအားဖြင့် သုံးပါး ရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ဖြစ်ပေါ်၍လာလေ၏။ ဝိဇ္ဇာ၊ ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ဖြစ်ပေါ်၍လာလေ၏။ အာလောကော၊ အမှောင်ကိုခွင်းတကယ်သိတတ်တဲ့အရောင်အလင်းသည်။ ဥဒပါဒိ၊ အစဉ်မမှားမြင်အကြားဖြင့် ထင်ရှားမသွေ ဖြစ်ပေါ်၍ လာလေသတည်း။

(သာစုး၃)

ဤကား နိရောဓသစ္စာ၌ သစ္စဉာဏ်

> တံ ခေါ ပနိဒံ ဒုက္ခ နိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ၊ ဝဋ္ဋသံသရာ လွတ်ရန်တာကို ကြံရှာဘိတောင်း၊ ရဟန်းကောင်းတို့။ တံခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုဆင်းရဲ၏ ချုပ်ရာဖြစ်သော အရိယသစ္စာကို။ သစ္ဆိကာတဗ္ဗံ၊
(ဆက်မအကြိမ်)

မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ပြု အပ်၏။ ဣတိ၊ ဤသို့။ မေမယာ၊ သင်တို့ဆရာ ဘုရားငါသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်ခင် အရင်တုန်းက။ အနနုဿုတေသု၊ ကြားမှ, မကြားဘူး ကုန်သော။ ဓမ္မေသု၊ အမှန်တရားတို့၌။ စက္ခုံ၊ နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားမသွေ ဖြစ်ပေါ်၍လာလေ သတည်း။

## (သာဓု-၃)

## ဤကား နိရောဓသစ္စာ၌ ကိစ္စဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ၊ ရာဂအနွယ် ကာမနယ်မှ ထွက်လွယ်လမ်းစဉ် မြော်မှန်းမြင်ဘို့ တောတွင်ပျော်မြန်း ဖေါ်ရဟန်းတို့။ တံခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုဆင်းရဲ၏ 'ချုပ်ရာဖြစ်သော အရိယသစ္စာကို။ သစ္ဆိကတံ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်ပြီ။ ဣတိ၊ ဤသို့။ မေမယာ၊ သင်တို့ ဆရာ ဘုရားငါသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်ခင် အရင်တုန်းက။ အနနုဿုတေသု၊ ကြားမှ,မကြားဘူးကုန်သော။ ဓမ္မေသု၊ [illegible] ကရားတို့၌။ စက္ခုံ၊ နိရောဓသစ္စာကို မြင်တတ်သော ပညာ[illegible]စိ

(ဆက်မအကြိမ်)

သည်။ ဥဒပါဒိ၊ အစဉ်မပြတ် မြင်အကြားဖြင့် ထင်ရှားမသွ ဖြစ်ပေါ်၍ လာလေသတည်း။

(သာခု-၃)

## ဤကား နိရောဓသစ္စာ၌ ကတဉာဏ်

ဣဒံ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ၊ နိဗ္ဗာန်သာခေါင်းတားမဲ့ သောင်သို့ရောက်အောင် မြော်မှန်းပေါ်ရဟန်းတို့။ ဣဒံ၊ ဤမဂ္ဂင်ရှစ်ပါး မြတ်တရားသည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောအကျင့်သည်။ အရိယသစ္စံ၊ အရိယသစ္စာ မည်၏။ ဣတိ၊ ဤသို့။ မေမယာ၊ သင်တို့ဆရာဘုရားငါသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်မီ အလျင်ကုန်းက၊ အနနုဿုတေသု၊ ကြားမှုမကြား ဘူးကုန်သော။ ဓမ္မေသု၊ အမှန်တရားတို့၌။ စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပဒိ၊ ဖြစ်ပေါ်၍လာလေ၏။ ဉာဏံ၊ မဂ္ဂသစ္စာကို သိတတ်သောဉာဏ်သည်။ ဥဒပါဒိ၊ ဖြစ်ပေါ်၍ လာလေ၏။ ပညာ၊ သမ္မာဒိဋ္ဌိ စသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ဖြစ်ပေါ်၍လာလေ၏။ ဝိဇ္ဇာ၊ ဆင်းရဲအစစ်ကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်၍ လာလေ၏။ အာလောကော၊ အမှောင်ကိုခွင်း တကယ်သိတတ်တဲ့ ငွှမ်အကြီမ်)

အရောင် အလင်းသည်။ ဥဒပါဒိ၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားမသေ့ ဖြစ်ပေါ်၍ လာလေသတည်း။

(သာဓု-၃)

ဤကား မဂ္ဂသစ္စာ၌ သစ္စဉာဏ်

---

တံ ခေါ ပနိဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ဘိက္ခဝေ၊ သံယောဇဉ်ကြီး အမျိုးမျိုးကို ပယ်ချိုးဖြတ်ပါ ဤရပ်သာသို့ ကပ်ခါဒေပျော်မြန်း ဖော်ရာဘန်းတို့၊ တံ ခေါ ပနိဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ထိုဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယသစ္စာကို။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။ ဣတိ၊ ဤသို့၊ မေ မသာ၊ သင်တို့ဆရာ ဘုရားငါသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်ခင် အရင်ကုန်းက၊ အနနုဿုတေသု၊ ကြားမှု၊ မကြားဘူးကုန်သော။ ဓမ္မေသု၊ အမှန်တရားတို့၌။ စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာ မျက်စိသည်။ ဥဒပါဒိ၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားမသေ့ ဖြစ်ပေါ်၍ လာလေသတည်း။

(သာဓု-၃)

ဤကား မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

(ဆဋ္ဌမအကြိမ်)

တံ ခေါ ပနိဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊

ဘိက္ခဝေ၊ဒိဋ္ဌိတဏှာ၊စိတ်ရှိခဲ့၍ ကုစ္ဆိတာနိဗ္ဗာန်လုမ်းမယ်လို့ စိတ်အကြံခိုင်ခန့်မှန်းပြီးတော့ တရားလမ်းပျော်ရဟန်းတော်တို့။ တံခေါပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ထိုဆင်းရဲ၏ ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော အရိယသစ္စာ ကို။ ဘာဝိတံ၊ ပွားစေအပ်ပြီ။ ဣတိ၊ ဤသို့။ မေမယာ၊ သင်တို့ ဆရာ ဘုရားငါသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်ခင် အရင်တုန်းက။ အနနုဿုတေသု၊ ကြားမှ မကြားဘူးကုန်သော။ ဓမ္မေသု၊ အမှန် တရားတို့၌။ စက္ခုံ၊မဂ္ဂသစ္စာကိုမြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားမသေ့ ဖြစ်ပေါ်၍ လာလေသတည်း။　　　(သာဓု–၃) .

ဤကား မဂ္ဂသစ္စာ၌ ကတဉာဏ်

ယာဝ ကီဝဥ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယ သစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ၊ နေဝ တာဝါ ဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သ ဗြဟ္မကေ သ-ဿမဏ ဗြာဟ္မဏိယာ ပဇာယ သဒေဝ မနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ တိ ပစ္စညာသိံ ။

ဘိက္ခဝေ၊ တူနေ ?ူဇား ?ု?ား-တ?ာ မဂ်လမ်းရှာ၍ နေလာကြခြင်း ရဟန်းများတို့၊ နေလာ?ခြ?း တပည့်များ?။ (ဆင္ဓအောင်ပြ)

ယာဝကီဝဉ္စ၊ သင်တို့နှင့် ခွဲခွါ နေခဲ့ရာမှ နေ့ကြာ, ရက်ဆုံး အကြင်မျှလောက် ကာလပတ်လုံး။ ဣမေသု စတူသု အရိယသစ္စေသု၊ ဤ လေးပါးသော အရိယသစ္စာတို့၌။ ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်အားဖြင့် အပြန်သုံးပါးရှိသော။ ဒွါဒသာကာရံ၊ သုံးပါးလေးလီ ဖြစ်လေသည့်ကြောင့် အညီတွက်ငြား တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ မဖောက်မပြန် အမှန်အတိုင်း ဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ငါ့အား။ သုဝိသုဒ္ဓံ၊ ကောင်းစွာသန့်ရှင်း အလွန်စင်ကြယ်ခြင်းသည်။ နအဟောသိ၊ မဖြစ်ပေါ်သေး။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝ၊ ထိုသို့ ဉာဏ်မြင်ပိုင်ပိုင် မထင်နိုင်သေးသမျှ ကာလပတ်လုံး။ အဟံ၊ သင်တို့ဆရာဘုရားငါသည်။ သဒေဝကေ၊ ကာမာဝစရ နတ်ပြည်ငါးထပ်နှင့်တကွဖြစ်သော။ သမာရကေ၊ မာရ်မင်းနေရာဝသဝတ္တီနတ်ပြည်နှင့်တကွဖြစ်သော။ သဗြဟ္မကေ၊ ဗြဟ္မာနှစ်ဆယ်နှင့် တကွဖြစ်သော။ လောကေ၊ ဩကာသလောက၌။ သ-ဿမဏဗြာဟ္မဏိယာ၊ ရဟန်းပုဏ္ဏားနှင့်တကွသော။ သဒေဝမနုဿာယ၊ သမုတိ နတ်ဘည်းဟူသောမင်း ကြွင်းသော လူအပေါင်းနှင့်တကွသော။ ပဇာယ၊ သတ္တဝါအပေါင်းအား။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ မသိယောင်ဝါး သိယောင်ကားနှင့် ငါကားစုံစီအကုန်သိပြီဟု။ နေဝပစ္စညာသိံ၊ ဝန်ခံတော်မမူသေး။ နေဝပစ္စညာသိံ၊ လောကတလွှား ဘုံသုံးပါးမှာ ဘုရားမုချ ငါဟုတ်လှုပြီဟု ဘယ်ခါကာလမှ ဝန်ခံခြင်း မပြုခဲ့သည်သာတည်း။

(သာခု—၃)

(ဆဋ္ဌမအကြိမ်)

# ဘုရားအစစ်ဖြစ်ပြီ

ယတော စ ခေါ မေဘိက္ခဝေ ဣမေသု စတူသု အရိယ
သစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာ ကာရံ ယထာဘူတံ
ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ
သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ
သ-ဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝ မနုဿာယ
အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

ဘိက္ခဝေ၊ ဘုရားမမှန် အကြွားဉာဏ်နှင့် စားရန်လာပြီ ထင်မိသည့်ကြောင့် မသိလေးစား မခံ့ညားဘဲ ဟန့်တားလိုမှုန်း အို.... ရဟန်းတို့။ ယတောစ၊ ဗောဓိပင်မြေ ပလ္လင်ဗွေတွင် တင်ခြေသာစွ အကြင်အခါကစ၍။ ဣမေသု စတူသု အရိယ သစ္စေသု၊ ဤလေးပါးသောအရိယသစ္စာတရားတို့၌။ဧဝံ၊ဤသို့။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်,ကိစ္စဉာဏ်, ကတဉာဏ်အားဖြင့် အပြန်သုံးပါးရှိသော။ ဒွါဒသာကာရံ၊ သုံးပါးလေးလီ ဖြစ်လေသည့်ကြောင့် အညီတွက်ငြား တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ မဖောက်မပြန် အမှန်အတိုင်းဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ငါ့အား။ သုဝိသုဒ္ဓံ၊ ကောင်းစွာသန့်ရှင်း အလွန်စင်ကြယ်ခြင်းသည်။ အဟောသိ၊ ထင်ရှားမသွေဖြစ်တော့ပေ၏။

ဘိက္ခဝေ၊ ကတ္တာပြုက တလံမြင် အပ္ပမာဒသမ္ဗုဇ္ဈ်နှင့် အမှန်ပင် နိဗ္ဗာန်သွားချင်လို့ ငံ့စားမြော်မှန်း ဖော်ရဟန်းတို့။ အထ၊ ထိုသို့ အပိုင်ဉာဏ်ရှိ အမှန်သိသော အခါ၌။ အဟံ၊ သင်တို့ဆရာ ဘုရားငါသည်။ သဒေဝကေ၊ ကာမာဝစရ နတ်ပြည်

(ဆဋ္ဌမအကြိမ်)

ငါးထပ်နှင့်တကွသော။ သမာရကေ၊ မာရ်မင်းနေရာ ဝသဝတ္တီ နတ်ပြည် နှင့် တကွသော။ သဗြဟ္မကေ၊ ဗြဟ္မာ နှစ်ဆယ် နှင့် တကွသော။ လောကေ၊ ဩကာသ လောက၌။ သ-ဿမဏ ဗြာဟ္မဏိယာ၊ ရဟန်း, ပုဏ္ဏားနှင့်တကွသော။ သဒေဝမနုဿာယ၊ သမုတိနတ်တည်းဟူသောမင်း ကြွင်းသောလူအပေါင်းနှင့် တကွ သော။ ပဇာယ၊ သတ္တဝါ အပေါင်းအား။ အနုတ္တရံ၊ အတု မရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ် ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ ဇဝေဇဝ ါမရှိ ဓမ္မအကွာ ကြည့်လိုက် တော့အခြေပါပါနှင့် အသေအချာသိပြီဟူ။ ပစ္စညာသိံ၊ ထက်, အောက်ဖြာဖြာ ကမ္ဘာ လောကဓာတ် တောမသတ်ရအောင် ပြောစမှတ်တွင် သဗ္ဗညုတ ရွှေဉာဏ်ရှင်ဟူ ကေန်ပင် သဒ္ဒါပွား ကြပေတော့ ငါဘုရားအစစ် မဝါ, မကြွား ဖြစ်ခဲ့လေတော့ သတည်း။

(သာခု-၃)

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ စေတော
ဝိမုတ္တိ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

ဉာဏဉ္စ ပန ဒဿနံ၊ ပစ္စဝေက္ခဏာ ဉာဏ်အမြင်သည်။ မေ၊ ငါ့အား။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ မေ၊ ငါ၏။ စေတောဝိမုတ္တိ၊ အရဟတ္တမဂ်ဉာဏ်ကို။ အကုပ္ပါ၊ ဆန်ကျင်ဘက် တရားတို့သည် မဖျက်ဆီးနိုင်။ အယံ၊ ဤကိုယ်၏အဖြစ်သည်။ အန္တိမာ၊ နောက် ပိတ်ဆုံးဖြစ်သော။ ဇာတိ၊ ဖြစ်ရခြင်းပေတည်း။ ဒါနိ၊ ယခု အခါ၌။ ပုနဗ္ဘဝေါ၊ တဖန် ဘဝသစ်၌ ဖြစ်ရခြင်းသည်။ နတ္ထိ၊

(ဆဋ္ဌမအကြိမ်)

မရှိတော့ပြီ။ ဣတိညာဏဒဿနံ၊ ဤသို့သော ပစ္စဝေက္ခဏာဉာဏ် အမြင်သည်။ ဥဒပါဒိ၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှား မသွေဖြစ် ပေါ်၍လာလေသတည်း။

ဣဒ္ဓမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

ဘဂဝါ၊ ဘုန်းတော်, ကံတော်, ဉာဏ်တော် အနန္တတို့နှင့် ပြည့်စုံဖော်မူသော မြတ်စွာဘုရားသည်။ ဣဒံ ဝစနံ၊ "ဒွေမေ ဘိက္ခဝေ" စသောဤစကားတော်ကို။ အဝေါစ၊ မိန့်ကြားတော်မူလေ၏။ ပဉ္စဝဂ္ဂိယာဘိက္ခူ၊ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ် တဖန် အဿဇိ ငါးပါးရှိသည့် တပည့် အပေါ် ရဟန်းမြတ်ကဝိ ကျော်တို့သည်။ အတ္တမနာ၊ ဝမ်းမြောက် ဝမ်းသာ ကြည်ညို နှစ်သက်လှပါကုန်သည်ဖြစ်၍။ ဘဂဝတော၊ ကျေးဇူးတော်ရှင် ဘုရားရှင်၏။ ဘာသိတံ၊ ရှပ်တော်က ကြည်ညိုစရာမမှား, နှုတ် တော်က အတည်ချသကာပျား, ထုတ်ဖော်ပြတဲ့ မှီခိုရာတရားကို။ အဘိနန္ဒုံ၊ အဟောင်းစရိုက် အကြောင်း တွေဆိုက်လွန်းလို့ ကောင်းလိုက်လေတယ်, မှန်လိုက်လေတယ်, ဟုတ်လိုက်လေတယ်- ဘုရားဟု ဝပ်တွားရိုကျိုး လက်စုံမိုးကာ ရှိခိုးကန်တော့ကြလေ ကုန်တော့သတည်း။

(သာဓု-၃)

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ၊ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ၊ ဓမ္မစက္ခုံ ဥဒပါဒိ၊ ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ၊ ဤသို့ ဂါထာ မဖက် သက်သက် အမေး-အဖြေ ဖြစ်သော ဓမ္မစကြာ စကားအစဉ်ကို။ ဘညမာနေ၊ ဟောဖော်နှုန်းပြ ဆိုဆုံးမသည်ရှိသော်။ အာယသ္မတော ကောဏ္ဍညဿ၊ ရှည်သော သက်တော်ရှိသော အရှင်ကောဏ္ဍညအား။ ဝိရဇံ၊ ရာဂအစသော မြူမှုန်ကင်းသော။ ဝီတမလံ၊ ညစ်ကြေးမတင် လွန်သန့်စင်သော။ ဓမ္မစက္ခုံ၊ သစ္စာလေးပါး မြတ်တရားကို မျက်ဝါးထင်ထင် သိမြင်တတ်သော သောတာပတ္တိဉာဏ် မျက်စိအမှန်သည်။ ဥဒပါဒိ၊ အံ့ပ်သော ယောကျ်ား နိုးသောလားသို့ ထင်ရှားမသေ့ ဖြစ်ပေါ်၍လာလေ၏။ ယံကိဉ္စိ၊ အလုံးစုံသော တေဘုမ္မက သင်္ခါရတရား ဟူသမျှသည်။ သမုဒယဓမ္မံ၊ အကြောင်းမကင်း ဖြစ်ခြင်းသဘောရှိ၏။ တံသဗ္ဗံ၊ ထိုဖြစ်ခြင်း သဘောရှိသော တရား ဟူသမျှသည်။ နိရောဓ ဓမ္မံ။ ချုပ်ခြင်း သဘောရှိ၏။ ဣတိ၊ ဤသို့။ အဲဒီလို –၊ ဥဒပါဒိ၊ အစဉ်မမှား မြင်အကြားဖြင့် ထင်ရှားမသေ့ ဖြစ်ပေါ်၍လာလေသတည်း။

( သာဓု—၃ )

ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာဒေဝါ သဒ္ဒမနုဿာဝေသုံ၊ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ကေနစိ ဝါ လောကသ္မိန္တိ။

## (၈၂) သာယာဝတီ အောင်ခြင်းဘုရားရှိခိုး

ဘဂဝတာ၊ ဘုန်းတော်ခြောက်ဆိုင် ဂုဏ်ကိုးခိုင်ကို ပိုင်တော်မူငြား မြတ်စွာဘုရားသည်။ ဓမ္မစက္ကေ၊ ဓမ္မစကြာ ဒေသနာတော်ကို။ ပဝတ္တိတေစပန၊ ဟောတော်မူအပ်သည်ရှိသော်။ ဘုမ္မာဒေဝါ၊ ဘုမ္မစိုး နတ်တို့သည်။ သဒ္ဒံ၊ သံကုန်မြည်ဟီး သိမ့်သိမ့်ငြီးအောင်ကောင်းချီးပေးခြင်းကို။ အနုသာဝေသုံ၊ တပြိုင်နက်ထဲ အံ့မစဲအောင် သဲသဲအုတ်အော် ကြွေးကြော်ကြလေကုန်သတည်း။

ကိံ အနုသာဝေသုံ၊ အဘယ်ကဲ့သို့ကြွေးကြော်ကုန်လေသနည်းဟူမူကား။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီ တိုင်းတော်ပြည်၌။ ဣသိပတနေ မိဂဒါယေ၊ ဣသိပတန မိဂဒါဝုန် ရဂုံသာမော သားတို့တော၌။ ကေနစိသမဏေနဝါ၊ တစုံတယောက်သော ရဟန်းသည်၎င်း၊ ကေနစိ ဗြာဟ္မဏေနဝါ၊ တစုံတယောက်သော ပုဏ္ဏားသည်၎င်း။ ကေနစိဒေဝေနဝါ၊ တစုံတယောက်သော နတ်သည်၎င်း။ ကေနစိမာရေနဝါ၊ တစုံတယောက်သော မာရ်မင်းသည်၎င်း။ ကေနစိဗြဟ္မုနာဝါ၊ တစုံတယောက်သော ဗြဟ္မာမင်းသည်၎င်း။ လောကသ္မိံ ၊ လောက၌။ အပ္ပဋိဝတ္တိယံ၊ ကျုကျု-နန,မှန်မှန်-ကန်ကန်,ဟန်ဟန်-ပန်ပန်, တိတိ-ကျကျ ဟောပြောလှည့်လည်၍ မပြန်နိုင်သော။ အနုတ္တရံ၊ တုရန်,တိုင်းရန်,နှိုင်းရန်ဟူဘိ တုမရှိသော။ တံဓမ္မစက္ကံ၊ ထိုတရား(စကြာ)ဒေသနာတော်ကြီးကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ ဤသို့။ အနုသာဝေသုံ၊ လက်မြှောက်ရင်တီး အံ့မပြီးအောင်ကောင်းချီးကြွေးကြော် ဟစ်အော်ကြလေကုန်သတည်း။

( သာဓု—၃ )

(ဆဋ္ဌမအကြိမ်)

# တဆင့်တဆင့် ကြွေးကြော်ကြပုံ

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ၊ စာတုမဟာရာဇိကာဒေဝါ သဒ္ဒမနုဿာဝေသုံ၊ စာတုမဟာ ရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ၊ တာဝတိံသာဒေဝါ ယာမာဒေဝါ တုသိတာ ဒေဝါ နိမ္မာနရတိဒေဝါ ပရနိမ္မိတ ဝသဝတ္တိဒေဝါ ဗြဟ္မ ကာယိကာဒေဝါ သဒ္ဒမနုဿာဝေသုံ၊ ဧတံ ဘဂဝတာ ဗာရာဏသိယံ၊ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိ ဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိန္တိ။

ဘုမ္မာနံ ဒေဝါနံ၊ ဘုမ္မစိုးနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးတဲ့ အသံကို။ သုတွာ၊ တဆင့်အားဖြင့် ကြားကုန်ကြ၍။ စာတုမဟာ ရာဇိကာ ဒေဝါ၊ စာတုမဟာရာဇ်နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီး ပေးတဲ့အသံကို။ အနုဿာဝေသုံ၊ အဆင့်ဆင့် ကြွေးကြော်ကြလေ ကုန်၏။ စာတုမဟာ ရာဇိကာနံ ဒေဝါနံ၊ စာတုမဟာရာဇ် နတ် တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးတဲ့ အသံကို။ သုတွာ၊ တဆင့်စကား တဆင့်အားဖြင့် ကြားကြကုန်၍။ တာဝတိံသာ ဒေဝါ၊ တာဝ တိံသာ နတ်တို့သည်၎င်း။ ယာမာဒေဝါ၊ ယာမာနတ်တို့သည်၎င်း တုသိတာဒေဝါ၊ တုသိတာနတ်တို့သည်၎င်း။ နိမ္မာနရတိဒေဝါ၊ နိမ္မာနရတိနတ်တို့သည်၎င်း။ ပရနိမ္မိတဝသဝတ္တိဒေဝါ၊ ပရနိမ္မိတ ဝသဝတ္တိနတ်တို့သည်၎င်း။ ဗြဟ္မကာယိကာ၊ ဗြဟ္မာ့ဘုံတို့၌ ဖြစ်ကုန် သော။ ဒေဝါ၊ ဗြဟ္မာတို့သည်၎င်း။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ အနုဿာဝေသုံ၊ အဆင့်ဆင့် ကြွေးကြော်လေကုန်၏။

(ဆပ္ပမအကြိမ်)

ကိ ံအနုဿာဝေသုံ၊ ဘယ်လို အဆင့်ဆင့် ကြွေးကြော်ကြပါ ကုန်သနည်း ဟုမူကား။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ဗာရာဏသိယံ၊ ဗာရာဏသီတိုင်းတော်ပြည်၌။ဣသိပတနေ မိဂဒါယေ၊ ဣသိပတနမိဂဒါဝုမ် ရဂုံသာမေ၁ သားတို့တော၌။ကေနစိ သမဏေနဝါ၊ တစုံတယောက်သော ရဟန်းသည်ငှင်း။ ကေနစိ ဗြာဟ္မဏေနဝါ၊ တစုံတယောက်သော ပုဏ္ဏားသည်ငှင်း။ ကေနစိ ဒေဝေနဝါ၊တစုံတယောက်သော နတ်သည်ငှင်း။ ကေနစိ မာရေနဝါ၊ တစုံတယောက်သော မာရ်မင်းသည်ငှင်း။ ကေနစိဗြဟ္မုနာဝါ၊တစုံတယောက်သော ဗြဟ္မာသည်ငှင်း။လောကသ္မိံ၊လောက၌။အပဋိဝတ္တိယံ၊ကျကျ-နန,မှန်မှန်-ကန်ကန်,ဟန်ဟန်-ပန်ပန် တိတိ-ကျကျ ဟောပြော လှည့်လည်၍ မပြန်နိုင်သော။ အနုတ္တရံ၊ တုရန်,တိုင်းရန်,နှိုင်းရန်ဟူဘိ တူမရှိသော။ ဓော်မ္မစက္ကံ၊ထိုတရား (စကြာ)ဒေသနာတော်ကြီးကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ဤသို့။အနုဿာဝေသုံ၊လက်မြှောက်ရင်တီး အံ့မပြီးအောင် ကောင်းချီးကြွေးကြော် ဟစ်အော်ကြလေကုန်သတည်း။

( သာဓု-၃ )

ဣာဘိဟာ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောက သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ အယဉ္စ ဒသ သဟဿီလောကဓာတု သံကမ္ပိ၊ သမ္ပကမ္ပိ သမ္ပဝေဓိ အပ္ပမာဏောစ ဥဠာရော ဩဘာသော လောကေ ပါတု ရဟောသိ၊ အတိက္ကမ္မ ဒေဝါ နံ ဒေဝါနုဘာဝန္တိ။

တေနခဏေန၊ ထို ကာဖြင့်။ တေန လယေန၊ ထိုလယဖြင့်။ တေနမုဟုတ္တေန၊ လိုမု ဟုတ်ဖြင့်။ ယာဝဗြဟ္မလောကာ၊ အကနိဋ္ဌ ဗြဟ္မာပြည်တိုင်အောင်။ သဒ္ဒေါ၊ ကောင်းချီးပေးသော အသံ (ဆင့်မအကြံမ်)

သည်။ အဗ္ဗာဟုဂ္ဂစ္ဆိတိ၊ ပြန့်နှံ့၍ တက်၏။ အယဉ္စ ဒသသဟဿိ လောကဓာတု၊ ဤတသောင်းသော စကြဝဠာ ကမ္ဘာလောက ဓာတ်ကြီးသည်လည်း။ သံကမ္ပိ၊ နိမ့်တုံ-မြင့်တုံဝမ်းသာပုံဖြင့်ခုန်၍-ခုန်၍ လှုပ်လေ၏။ သမ္ပကမ္ပိ၊ အောက်သို့မသက် တက်၍ တက်၍ လှုပ်လေ၏။ သမ္ပဝေဓိ၊ ထိုမှာ-ဤမှာ လူးလာပုံ၍ မြအေးယာဉ် နှဲ့သလို မလှဲ့တန်းလှုပ်လေ၏။ အပ္ပမာဏော၊ အတိုင်းအရှည် မရှိသော။ ဥဠာရော၊ ပြန့်ပြောကြီးကျယ် အံ့သြ ဖွယ်သော ဒေသနာ ဉာဏ်တော်ကြောင့် ဖြစ်သော အရောင်အလင်းသည် လည်း။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဒေဝါနံ၊ နတ်, ဗြဟ္မာတို့၏။ ဒေဝါနုဘာဝံ၊ နတ်, ဗြဟ္မာတို့၏ အာနုဘော်ကို။ အတိက္ကမ္မ၊ ဆတက်ထမ်းပိုးကဲမိုးသာလွန်၍။ ပါတုရဟောသိ၊ နေ, မီး, လရောင် မကပြောင်လျက် ဆံထောင် သိန်း, သန်း အံ့မခန်း အောင်၊ ဆန်းဆန်းကျယ်ကျယ်ကြီးဖြစ်ပေါ်၍လာလေသတည်း။

(သာခု-၃)

အထခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိဝတ ဘော ကောဏ္ဍညော" တိ၊ ဣတိဟိဒံ အာယသ္မ တော ကောဏ္ဍညဿ အညာသိ ကောဏ္ဍညော တွေဝ နာမံ အဟောသိ။

အထ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣမံဥဒါနံ၊ ဝမ်းမြောက်လှစွာ သာယာရွှင်လန်း ဤဥဒါန်းကို။ ဥဒါနေသိ၊ တသောင်းတိုက်သား အကုန်ကြားအောင် ထင်ရှားစွာကျူးရင့် တော်မူ၏။ကိ ဥဒါနေသိ၊ ဘယ်လိုမြွက်ဖော် ကျူးရင့်တော်မူသ

(ဆက်ရန်အကြိမ်)

နည်းဟူမူကား။ ဘော၊အို- ရဟန်းတို့။ကောဏ္ဍညော၊ကောဏ္ဍညသည်။ဝတ၊စင်စစ်။အညာသိ၊ သစ္စာလေးပါးမြတ်တရားကိုပိုင်းခြားထင်ထင်သိမြင်ရလေပြီ။ဘော၊အိုရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊စင်စစ်။ အညာသိ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ရလေပြီ။ ဣတိ၊ဤသို့။ဥဒါနေသိ၊ မိန့်ကြားမြွက်ဖေါ် ကျူးရင့်တော်မူ၏။ ဣတိ၊ဤသို့မြွက်ဖေါ် မိန့်ကြားတော် မူလေသောကြောင့်သာလျှင်။ အာယသ္မတော ကောဏ္ဍညဿ၊အရှင် ကောဏ္ဍညအား။အညာသိကောဏ္ဍညောတွေဝနာမံ၊ အညာသိ ကောဏ္ဍညဟူသော အမည်သည်။ အဟောသိ၊ ထင်ရှားမသွေ ဖြစ်ပေါ်၍လာလေသတည်း။

(သာဓု-၃)

အထခေါ အာယသ္မာ အညာသိ ကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠှဓမ္မော တိဏ္ဏ ဝိစိကိစ္ဆော ဝိဂတ ကထံကထော ဝေသာရဇ္ဇပတ္တော အပရပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ 'လဘေယျာဟံ ဘန္တေဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒန္တိ'။

အထခေါ၊ ထိုသောတာပန်ဖြစ်ပြီးသောအခါ၌။ အာယသ္မာ အညာသိ ကောဏ္ဍညော၊ အရှင် အညာသိကောဏ္ဍညသည်။ ဒိဋ္ဌဓမ္မော၊ မြင်အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍။ ဝိဒိဓမ္မော၊ သိအပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍။ပရိယောဂါဠှဓမ္မော၊ ဉာဏ်ဖြင့်သက်ဝင်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍။ တိဏ္ဏဝိစိကိစ္ဆော၊ ကူးမြောက်ပြီးသောယုံမှားခြင်း ရှိသည်ဖြစ်၍။ ဝိဂတကထံကထော၊သို့လော-သို့လောတွေးတောယုံမှားခြင်းကင်းသည်

ဖြစ်၍။ အပရပစ္စယော၊ ကိုယ်တိုင်မျက်မှောက် သိမြင်အပ်ခြင်း ကြောင့်သူတပါးအား ယုံကြည်ခြင်းမဖြစ်မူ၍။ ဘဂဝန္တံ၊ မြတ်စွာ ဘုရားကို။ ဧတဒဝေါစ၊ ဤသို့သောစကားကို။ အာဝေါစ၊ လျှောက် ထားလေ၏။ ကိံ အဝေါစ၊ ဘယ်လို လျှောက်ထားပါသနည်း ဟူမူကား။ ဘန္တေ၊ ဘုန်းတော်သခင်အရှင်ဘုရား။ အဟံ၊ အကျွန်ုပ် သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇ္ဇံ၊ ရှင်အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏။ ဥပသမ္ပဒံ၊ ရဟန်း အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ ရိုသေ မြတ်နိုး လက်စုံမိုးကာ ရှိခိုးဝပ်တွား လျှောက်ထားတောင်းပန် လေတော့သတည်း။ (သာဓု-၃)

"ဧဟိ ဘိက္ခူတိ" ဘဂဝါ အဝေါစ၊ သွာက္ခာတော

ဓမ္မောစရ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယာတိ

သာဝတဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာခဲ့ပေလော့။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာဟောအပ်ပြီ။ ဒုက္ခဿ၊ သံသရာဝဋ္ဋ ဆင်းရဲ၏။ အန္တကိရိယာယ၊ အစတုန်း၍ အဆုံးကို ပြုခြင်းငှါ။ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မစရိယံ၊ အထက်မဂ်သုံးပါးတည်းဟူ သောမြတ်သောအကျင့်ကို။ စရ၊ ကျင့်လိုက်ပါလော့။ ဣတိ၊ ဤသို့ ဘဂဝါ၊ ဘုရားရှင်သည်။ အဝေါစ၊ မိန့်တော်မူ၏။ တဿအာယသ္မ တော၊ ထိုအသျှင် ကောဏ္ဍညအား။ သာဝဥပသမ္ပဒါ၊ ထို ဧဟိဘိက္ခု ရဟန်းအဖြစ်သည်သာလျှင်။ အဟောသိ၊ ဖြစ်တော်မူ လေ၏။ အဟောသိ၊ ဖန်ဝါဆင်မြန်း ဝတ်သက်န်းနှင့် ရဟန်းအစစ် တကယ်တန်းဖြစ်ရှာလေတော့သတည်း။

(သာဓု-၃)

(ဆင့်မအကြိမ်)

# နတ်ပြန်ပို့

ဒါနံ ဒဒန္တု သဒ္ဓါယ၊
သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊
ဂစ္ဆန္တု ဒေဝတာဂတာ။

သဒ္ဓါယ၊ တိုးပွါးသဒ္ဓါ ကျိုးများရာဟု ကိုးစားရာ အာရုံပြု၍။ ဒါနံ၊ အနည်း-အများမစစ် တပဲ့နှစ်ပြာ့ပဲ ဖြစ်စေတော့ အမြဲအားသစ်ထိုက်တဲ့ အလှူကို။ ဒဒန္တု၊ လက်မရွံ့ဘဲ ထွက်ဝံ့ရဲ၍ စွန့်ကြဲပေးလှူကြကုန်လော့။ သီလံ၊ ပဉ္စ၊ အဋ္ဌ၊ နဝင်္ဂနှင့် ဒသညီစွာ မြတ်သီလာကို။ ရက္ခန္တု၊ ညှိုးမှိန်ညစ်ခြင်း အပြစ်ကင်းအောင် သန့်ရှင်းစွာ စောင့်ရှောက်ကြပါကုန်လော့။ ဘာဝနာဘိရတာ၊ ဓမ္မာအစဉ် သဒ္ဓါဝင်မှ ငါအမြင်ပျောက် ဒြပ်သဏ္ဍာန်မပြတ်ကြ၍ ပရမတ်ဉာဏ် ရောက်တဲ့အောင် ဝမ်းမြောက်ပွါးများ အားထုတ်ကျင့်ကြံခြင်း၌ အလွန် မွေ့လျော်ကြကုန်သည်။ ဟောန္တု ဖြစ်ကြစေကုန်သတည်း။ ဣဓ၊ ဘုရားအကြိုက် အများလိုက်၍ အားတိုက်ဖွေရှာ ဤနေရာသို့။ အာဂတာ၊ နာရန်၊ ကြားရန် မှတ်သားရန်နှင့်ကျင့်ရန်ရည်စူး တည်ပကတူးက ကြည်နူးထောက်စွာ ရောက်လာကြကုန်သော။ ဒေဝတာ၊ နတ်မြတ် အပေါင်း နတ်ကောင်းဟူသမျှတို့သည်။ ဂစ္ဆန္တု၊ မိမိတို့အလိုရှိရာ အသီးသီးသော ဘုံဌာနကို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မှန်စွာမနေ ပြန်ပါလေလော့ ပြန်ကြစေကုန်သတည်း။

(ဆင္ဌမအကြိမ်)

# ဆုတောင်းဂါထာ

အသပ္ပုရိသာန ဒုစိန္တံ၊
စိန္တံစိန္တံ ဝိနဿတု။
သပ္ပုရိသာနသုစိန္တံ၊
စိန္တံစိန္တံ သမိဇ္ဈတု။

အသပ္ပုရိသာနံ၊ သူတော်တရား မရှိပြေးပဲ ဆိုးရွားလှစွာ သူယုတ်မာတို့၏။ ဒုစိန္တံ၊ တရားမဖက် အများပျက်ဖို့ မှားချက်ကြီးမား ကြံစည်တဲ့အကြံအစည်များသည်။ စိန္တံ-စိန္တံ၊ ကြံစည်တိုင်း-ကြံစည်တိုင်း။(စိန္တိ-စိန္တိ)အမျိုးပျောက်ပျက်ညှိုးခြောက်ဖို့အချက်တွေကို နေ့ဆက်-ရက်စဉ် [illegible] အမာ[illegible]ချောင် ကြံစည်တိုင်းကြံစည်တိုင်း။ ဝိနဿတု၊ မိစ္ဆာဉာဏ်သက် စိတ်မှာတက်သဖြင့် ပျက်ကြပါစေသတည်း။သပ္ပုရိသာနံ၊ရတနာသုံးပါး မြဲခဲ့စား ကြသည့် အမျိုးကောင်း သား-သမီးတို့၏။ သုစိန္တံ၊ သာသနာမြင့် ဘာသာတင့်ဖို့ အသင့်ကြိုးစား အမျိုးသားတို့ တိုးပွားသမှု အားပြုမိငြာန် ကောင်းမြတ်သော စိတ်အကြံသည်။ စိန္တံ-စိန္တံ၊ မှန်သည့်အတိုင်း ရန်သီ၍ မဆိုင်းကြပဲ ကြံစည်တိုင်း-ကြံစည်တိုင်း။ သမိဇ္ဈတု၊ လိုအင်ရှိသမျှ စိတ်ဆန္ဒသည် နေ့ညမခြား အမြင်အားဖြင့် တင်ရှားမသွေ ပြည့်စုံပါစေသတည်း။

ပြီးပြီ။

# ဆရာတော် ဘုရားကြီး၏
# ထေရုပ္ပတ္တိ အကျဉ်းချုပ်

## ရှစ်လုံးဘွဲ့ ကဗျာများ

၁။ ဆရာတော်၏ ဇာတိဖြစ်စဉ်၊
ရွှေတောင်မြို့မှ ဌာနတောင်ခွင်။
"မှတ်တော်မူ"ဟု ခေါ်ပြုရွာတွင်၊
ရွေးကံထောက် ဖွားမြောက်ခဲ့သည်ပင်။

၂။ ခမည်းတော်ရင်း "ဦးချင်း"မည်တွင်၊
မယ်တော်စစ်က "ဒေါ်သစ်"ခေါ်တွင်။
နှစ်ဦး မိ-ဘ ထူးလှဂုဏ်အင်၊
သားတယောက် ဖွားမြောက် နေ့အသွင်။

၃။ တစ်-နှစ်-ငါး-လေး ရောက်ရေးနှစ်မှာ၊
တပေါင်းမာသ ဆန်းစ ခုနစ်ပါ။
ခြသော်မည်ခြင်း နေ့မင်းအင်္ဂါ၊
ဇာနည်မြတ် ဖွားလတ်ကြည်လင်စွာ။

၄။ အရွယ်ရောက်က သာသနာ့ဘောင်မှာ၊
ပျော်ပါးတော်ငြားကျော်ကြားပေတာ။
ဟောပုံ-ဟောနည်း အံ့ချီးလောက်တာ၊
"ဦးညေယျ" သိကြနိုင်ငံပါ။

၅။ တိုင်းသူ-ပြည်သား ကြီးပွားစေချင်၊
ကြင်နာစိတ်ထား သနားလေအင်။
တရားရေအေး တိုက်ကျွေးနေစဉ်၊
ဇီဝိန်ကင်း ဝင်ခြင်း နေအသွင်။

(ဆဋ္ဌမအကြိမ်)

၆။ သက်တော်တွက်စစ် မှတ်ရစ်စရာ၊
၆၆-နှစ် ရောက်လစ်ပေတာ။
ဝါတော်မေးခဲ့ ၄၇–သာ၊
တပည့်များ သိထားကြလေပါ။

၇။ ကောတိက ဝိသကောဇာ၊
သီတင်းကျွတ်လ ဆန်းစ ၄-မှာ။
ကြွက်မင်းနေ့ရက် နံနက်ချိန်ခါ၊
နာရီ-၉ ချုပ်ညှိုး ပျံလွန်ရှာ။

၈။ ဆရာတော်ဘုရား ကွယ်သွားလေရာ၊
မြင့်မိုရ်ခတောင်ကြီး ပြိုလည်းပမာ။
အမိမဲ့သား တူပြောသူငါ၊
ဘယ်လိုများ လွမ်းအားဖြေရပါ။

၉။ တပည့်အများ ပူအားကိုပင်၊
ဆရာဘုရား မြင်ပြောစေချင်၊
မငိုနဲ့လို့ ဆိုလှဲ့ထေရ်ရှင်၊
လူးကာလှိမ့် သိမ့်သိမ့်တုန်အောင်ပင်။

၁၀။ အိုဘေး-နာဘေး၊ သေဘေးဆိုတာ၊
မြတ်ဘုရားမှ သနားမညှာ။
သို့မို့ကြောင့်လဲ အသဲတွေနာ၊
ဘယ်ခါမှ အေးပါ့ ဒို့သူငါ။ ။

(ဆင္ဃမအကြိမ)

## တပည့် တကာ–တကာမများ အားလုံး

## အသုံးသတိပြုရန်

★

ဧည့်သည်တို့အတွက်

အိမ်သည်များစိတ်မဆင်းရဲကောင်း၊

အိမ်သည် ဆင်းရဲအောင်

ဧည့်သည်များကမလုပ်ကောင်း

အချိန်အခါကိုသိ

စည်းကမ်းရှိကြပါစေ

အမိုက်သိပါအားနာပါ

အရှက်–အကြောက်ရှိပါလေ

(ပုံ) ဦး[illegible]-သာယာဝတီ။

# တဆင့် ကူးယူ ပုံနှိပ်ခြင်းမပြုရ

★

## အများသိရှိတော်မူရန်မှာ

ကျေးဇူးရှင် သာယာဝတီ-ဦးညေယျဆရာတော်၏ အောင်ခြင်းမွေစကြာ, လူမျိုးတိုင်းလက်စွဲ, လူအစစ်, လွတ်လပ်ရေးအလင်းပြ, သာယာဝတီ ဒေသနာ,အိမ်သူ့ သက်စောင့်ကျမ်း–စသော စာအုပ်များသည် ဆရာတော်၏ သာသနာပြုလုပ်ငန်းချပ်တို့အတွက်ပုံနှိပ်လုပ်ဆောင်ခြင်းဖြစ်ရာ–

ထိုစာအုပ်များကို ကျွန်ုပ်တို့ အောင်ခြင်း အပွဲချုပ် ကြီးက (မူပိုင်ရေစစ္စရိ)ပြုလုပ်ထားသည်ဖြစ်ပါ၍ ကျွန်ုပ်တို့၏ ခွင့်ပြုချက်တစုံတရာမရပဲ ကူးယူပုံနှိပ် လုပ်ဆောင်ခြင်းများ မပြုလုပ်ရန် လေးနက်စွာသတိပေး တားမြစ်လိုက်ပါသည်။

အကယ်၍ ကျွန်ုပ်တို့၏ ခွင့်ပြုချက်မရဘဲ ကူးယူပုံနှိပ်ရောင်းချခြင်းများတွေ့ရှိပါလျှင် တရားနည်းလမ်းရှိသည့်အတိုင်းအရေးယူချပါလိမ့်မည်။

သာယာဝတီ-ဦးညေယျ–ဆရာတော်၏ကိုယ်စား

ဆရာတော်–အရှင်ပုညသေဋ္ဌ။
သာယာဝတီကျောင်း၊ ဥယျာဉ်တိုက်၊
ကြည့်မြင်တိုင်။

မြန်မာနိုင်ငံလုံးဆိုင်ရာ–အောင်ခြင်း အပွဲချုပ်ကြီး
ဗါးကရာလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

★

ကျေးဇူးရှင်

သာယာဂတိ "ဦးညေယျ" ဆရာတော် ဘုရားကြီးနှင့်
အလှမ်းဝေခဲ့ရသဖြင့် ဆရာတော်ဘုရားကြီးအား
လွမ်းဆွေး တ, သနေကြသော တပည့်ပရိသတ်ကြီး အတွက်
ပြန်လည် ဖော်ထုတ်တင်ဆက်လိုက်သော
ဆရာတော်၏မေတ္တာ- စေတနာ

# မိမ္ပ အသိမ္ပာ တရားစာ

# ထွက်ပေါ်လာပါပြီ

- ဘာသာနှင့် သာသနာအတွက် ဆရာတော်၏ စေတနာ။
- လူမျိုးနှင့် နိုင်ငံအတွက် ဆရာတော်၏ စေတနာ။
- ဆရာတော်၏ မေတ္တာစစ်-မေတ္တာမှန်ကို ခံယူလိုကြသော

တပည့် ပရိသတ်ကြီးအတွက် ပြန်လည်ပေါ်ထွက်လာရပါသည်။

အမြို့မြို့ ဆိုင်တိုင်းမှာမေးဝယ်ပါ။

---


# ငံသာနု-ဦးပျိုင်ဆိုင်တွင်

ရွှေထီး၊ ရွှေဆိုင်း၊ မြသပိတ်၊ ကွမ်းတောင် ပန်းတောင်
အမျိုးမျိုး ရနိုင်ပါသည်။

အမှတ် ၄-၅-၆ ရွှေတိဂုံဘုရားဈေးတော်ရုံ

ကျေးဇူးရှင်

# သာသနာ့ဝတီ–ဦးညေယျ–ဆရာတော်၏

ဓမ္မဒါနကုသိုလ်တော်များကို ပါဝင်လှူဒါန်းလိုသော ပါရမီရှင်များ–အောက်ပါ စာရင်းအတိုင်း ပါဝင်နိုင်ကြပါကြောင်း။

၁။ ဩဝါဒ စုယ်စုံကျမ်း
၂။ လူစွမ်းကောင်း လေးယောက်
၃။ သာသနာ့ဝတီ-ဦးညေယျ တရားစာ
၄။ တရားပေါင်းချုပ် ဒေသနာ
၅။ လူလိုသိမှု သတိပြု- ဂိဟိဝိနယကျမ်း
၆။ ဒါ-ဒို့ပြည်
၇။ စက္ခုရတနာ တရားစာ
၈။ အောင်ခြင်းဓမ္မစကြာ ပါဌ်-နိဿျ
၉။ လူလိုသိပါ· ကိုယ်ချင်းစာ
၁၀။ မန္တသ-ဂေါဏကျမ်း
၁၁။ အိမ်သူ့သက်စောင့်ကျမ်း (ပ–ဒု)
၁၂။ လူအစစ် အောင်ခြင်းဝိပဿနာ
၁၃။ ဘာသာမူလ ဩဝါဒ အမေး–အဖြေ
၁၄။ လူမျိုးတိုင်းလက်စွဲ
၁၅။ မိမ္မလိမ္မာ
၁၆။ မိမ္မလိမ္မာ တရားစာ
၁၇။ ဘုံပုဂ္ဂိုလ် အလင်းပြကျမ်း
၁၈။ လူ့ပ်လပ်ရေးအလင်းပြ
၁၉။ သာသနာ့တဝက်-မျှော်တော်ဆက်

လောကီ လောကုတ္တရာ ကျမ်းစာအုပ် အမျိုးမျိုးနှင့် ဆဋ္ဌမူ ပိဋကတ် ဖြန့်ချီရေး ကိုယ်စားလှယ် ဝံသာနု· ဦးပျိုင် အမှတ် ၄-၅-၆ ရွှေတိဂုံဘုရားဈေးတော်ရုံ·ရန်ကုန်မြို့။

# ဝံသာနု ဦးပျိုင်ဆိုင်၌ ရနိုင်သော
# စာအုပ်များ

နတ်လမ်းညွှန် အဖြေဒီကါကျမ်းကြီး
ဒီပဲယင်း ဦးပညာဝံသရေး သရုပ်ခွဲသင်္ဂြိုဟ်၊
ဗုဒ္ဓဝင်ဝတ္ထုမှုဟောင်း၊
ဘုရားကိုးဆူ ပူဇော်နည်းစာတမ်း၊
ဒါနဖလပ္ပတ္တိကျမ်း (ဆရာတော် ဦးဗုဒ်ရေး)
သီလဖလပ္ပတ္တိကျမ်း(ဆရာတော်ဦးဗုဒ်ရေး)
ဘာဝနာဖလပ္ပတ္တိကျမ်း(ဆရာတော်ဦးဗုဒ်ရေး)
ကျပင်းဘုန်းတော်ကြီး တရားစာ
ဝိစိတ္တရ ပေါရာဏ စကားပုံအဖြေကျမ်း
သုခဝတီယပ်လှဲတရားစာ
လောကီမှတ်ပုံ နည်းမျိုးစုံကျမ်း
နားခံတော် မောင်တာနောဝတ္ထု ပ- ဒုတွဲ
သူငယ်နာ မာတြာ ကုထုံးဖကိတ္တဆေးကျမ်း
ပရမတ္ထ လက္ခဏါ တောင်သာခြောက်လုံးကောက်ဋီကါ
ရေစက်ချ ဆုတောင်းအမျိုးမျိုး
အန္တရာယ်ကင်းသာမုနယပရိတ်အမှန်း
ဘိုးတော်ကြီး ဗေဒင်စကြာသုံးထပ်ကိန်း
ငရဲဆိုတာ တကယ်လား ယမမင်းနှင့် တရားခံအဖြေ
ဂုဏ်တော်ပေါင်းချုပ် ဘုရားရှိခိုး အမျိုးမျိုး

ကျေး ဇူး ရှင်

သာယာဝတီ ဆရာတော် ဦးဉေယျ—၏

**အောင်ခြင်း ဓမ္မစကြာ**

ရနိုင်သောဌာန

---

**ဝံသာနု ဦးပျိုင်သွီး မညွန့်**

သက်န်းပရိက္ခရာနှင့် ပိဋကတ်စာအုပ်ဆိုင်

ဆင္ဒမူ ဖြန့်ချီရေးကိုယ်စားလှယ်

အမှတ် ၄-၅-၆ ရွှေတိဂုံဘုရားဈေးတော်ရုံ မုခ်လှေခါးအနီး

ဒဂုံစာတိုက် ရန်ကုန်မြို့။

---

ထွန်းပညာ ပိဋကတ်စာအုပ်ဆိုင်၊

**ဦးထွန်းကို ဒေါ်ညွန့်**

အမှတ် ၅၁/၅၂၊ ရွှေတိဂုံဘုရား အရှေ့မုခ် ရန်ကုန်မြို့။

---

**မညွန့်မေ**

ပိဋကတ် စာအုပ်ဆိုင်

အမှတ် ၃၈-ရွှေတိဂုံဘုရားဈေးတော်ရုံ

ဒဂုံစာတိုက်၊ ရန်ကုန်မြို့။